# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 8 April 2026 ၁၂၁၄၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်
ဖနောင်ပင်မြို့

အဆွေတော် ဦးမင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ
နေပြည်တော်

**အဆွေတော်၊**

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်တွင် မြန်မာနိုင်ငံ၏ လွှတ်တော်က အဆွေတော်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ကမ္ဘောဒီးယားနိုင်ငံတော်၏ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား ကျွန်ုပ်၏ စိတ်ရင်းမှန်ဖြင့် ဂုဏ်ပြုအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ကြီးမားလာသည့် နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှုတို့ကို အလွန်တန်ဖိုးထားပါသည်။ ၎င်းတို့သည် ယဉ်ကျေးမှုနှင့် ဘာသာရေးဆက်နွယ်မှုများအပြင် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

## တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဧပြီ ၇**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဦးရေစုစုပေါင်း ၅၈၅ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီးအစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✻




တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။




ကြေးမုံ

# တိုင်းပြည်အကျိုးစီးပွားဖြစ်ထွန်းရေး ခြိုးခြံချွေတာစည်းကမ်းလိုက်နာ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပါမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်မြှင့်တင်ဖော်ဆောင်နိုင်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများမြှင့်တင်ရေး၊ ပြည်ပပို့ကုန်တိုးတက်တင်ပို့ရေး၊ နိုင်ငံခြားငွေ တိုးတက်ရှာဖွေရေး၊ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချရေးတို့ကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်လာစေရန်အတွက် နိုင်ငံခြားငွေရရှိနိုင်မည့် ပြည်ပပို့ကုန်များကို တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်နေသော်လည်း စားသုံးဆီ၊ စက်သုံးဆီနှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် ကုန်ပစ္စည်းများအားလုံးနီးပါးကို ပြည်ပမှတင်သွင်းနေရသည့်အတွက် နိုင်ငံခြားငွေ အပိုကုန်ကျမှု တစ်နှစ်ထက်တစ်နှစ် မြင့်မားနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးရေး၊ လျှော့ချရေးတို့ကို နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယနေ့ကာလ စီမံခန့်ခွဲဖြေရှင်းဆောင်ရွက်နေသည့် စက်သုံးဆီ ဝယ်ယူဖြန့်ဖြူးရောင်းချရေးနှင့်ပတ်သက်၍ အကျိုးရလဒ်ကောင်းများ ရရှိလာသည်ကို တွေ့ရသည်။

နိုင်ငံတော်၏ စွမ်းအင်သုံးစွဲမှုတွင် စက်သုံးဆီများဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဓာတ်ငွေ့ရည် (LPG) စသည့် ရေနံထွက်ပစ္စည်းများသည် ၂၉ ရာခိုင်နှုန်းပါဝင်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကအသုံးပြုလျက်ရှိသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် သုံးစွဲနေသည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများ၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှ ဝယ်ယူတင်သွင်းလျက်ရှိရာ ယခုအချိန်ကာလကဲ့သို့ ကမ္ဘာတစ်ဝန်း စက်သုံးဆီ အခက်အခဲများဖြစ်ပေါ်လာချိန်တွင် ပြည်ပကိုအားပြုနေရသည့် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်များအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိသည်။ ထို့ကြောင့် မလိုလားအပ်ဘဲ အပိုကုန်ကျမှုမဖြစ်စေရန် စက်သုံးဆီဖြန့်ဖြူးရေးနှင့်ပတ်သက်၍ နိုင်ငံတော်က စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ ဆက်သွယ်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် စက်သုံးဆီအမျိုးမျိုးကို နှစ်စဉ်တန်ချိန် ငါးသန်းခန့် ပြည်ပမှတင်သွင်းနေရသဖြင့် အမေရိကန်ဒေါ်လာ သန်း ၅၀၀၀ ကျော် အကုန်အကျခံပေးလျက်ရှိသည်။ ယခုကာလတွင် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခများကြောင့် စက်သုံးဆီပြဿနာများ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများ ကြုံတွေ့ရလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် စက်သုံးဆီအခက်အခဲကို ဖြေရှင်းပေးနိုင်ရန်အတွက် စီမံခန့်ခွဲမှုနည်းလမ်းများ၊ ဒစ်ဂျစ်တယ်နည်းပညာအခြေပြု ရောင်းချသည့်စနစ်များဖြင့် ကြပ်မတ်ထိန်းကျောင်းပေးလျက်ရှိရာ နိုင်ငံတော်၏ စက်သုံးဆီတင်သွင်းမှု၊ ဖြန့်ဖြူးရောင်းချမှုအခြေအနေသည် စည်းစနစ်မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပြီး စက်သုံးဆီသုံးစွဲမှုကို သိသာစွာလျှော့ချပေးနိုင်ခဲ့သည်ကို တွေ့ရသည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ စာရင်းများအရ နေ့စဉ်ပျမ်းမျှ စက်သုံးဆီသုံးစွဲမှုသည် ၃ ဒသမ ၅၄ ဂါလန်သန်းမှ ၂ ဒသမ ၅ ဂါလန်သန်းသို့ ကျဆင်းလာခဲ့သည်ကို တွေ့ရသည်။ ယင်းသို့ နေ့စဉ်ပျမ်းမျှသုံးစွဲမှုကို ၂၉ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်းသည် တစ်ရက်လျှင် နိုင်ငံခြားငွေသုံးစွဲမှု အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် သက်သာစေမည့်အပြင် အရန်ဆီသိုလှောင်နိုင်မှု ၁၀ ရက်စာအထိ ပိုမိုသိုလှောင်နိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ စက်သုံးဆီကို စနစ်တကျ ဆက်လက်သုံးစွဲလာနိုင်ပါက နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ခန့် လျှော့နည်းသက်သာစေမည်ဖြစ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စက်သုံးဆီဖူလုံမှုရှိစေရန် ဓာတ်ဆီ ရက် ၄၀ စာနှင့် ဒီဇယ်ဆီ ရက် ၅၀ ခန့်စာရှိပြီး ဧပြီလအတွင်း ဆီသင်္ဘော ၂၆ စင်း ထပ်မံတင်သွင်းနိုင်ရန် စီမံထားရှိသည်။ ထို့အပြင် မိတ်ဆွေနိုင်ငံများမှ တင်းသွင်းရန် ရေရှည်အစီအစဉ်များပြုလုပ်ပြီး ဝယ်ယူရရှိနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ မလိုလားအပ်သော မဟုတ်မမှန်သတင်းများကို နားမယောင်ဘဲ နိုင်ငံတော်က တရားဝင်အသိပေးထုတ်ပြန်ထားသည့် စက်သုံးဆီဝယ်ယူနိုင်မည့် စည်းကမ်းများအတိုင်း လိုက်ပါဆောင်ရွက်ခြင်း၊ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် QR Code ဖြင့်ရောင်းချမှုအပေါ် ထပ်မံလိုအပ်လာပါက အရေးပေါ်ဆီဖြည့်တင်းခွင့်ရရှိခြင်း စသည့်အခွင့်အရေးများရှိသည့်အတွက် ကြောင့်ကြကင်းစွာဖြင့် ဝယ်ယူကြပြီး တိုင်းပြည်အကျိုးစီးပွားဖြစ်ထွန်းစေသည့် ခြိုးခြံချွေတာရေးစည်းကမ်းများအတိုင်း လိုက်ပါဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၇ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၈.၃ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၁၀၄,၀၃၉.၅၆ | ၈,၅၉၂,၀၂၈.၉၄ | ၂၃,၈၂၇,၀၂၇.၅၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းနှင့် စားသုံးကုန်စည်များတင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၃ သန်းကို ရောင်းချပေးခဲ့သည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အုတ်တွင်းမြို့နယ်၌ သမဝါယမကဏ္ဍမှဆောင်ရွက်သော နှမ်းစပါးစိုက်ပျိုးမှုအခြေအနေ ကွင်းဆင်းကြည့်ရှု

**အုတ်တွင်း ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍက နွေစပါးစီမံကိန်း ဆောင်ရွက်သည့် ကျေးရွာ ငါးရွာ၊ အသင်းငါးသင်း၊ အသင်းသား ၂၀၀ တို့၏ စိုက်ဧက ၁၀၀၀ တွင် စိုက်ပျိုးသော အထွက်တိုး ထိုင်းနံ့ကောက်၊ မျိုးစပါး ဧက ၉၉၀ နှင့် ရေဆင်းပေါ်ဆန်း(၂) ၁၀ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းနှင့် ညီမျှသော သွင်းအားစုတို့ကို သမဝါယမကဏ္ဍက ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

ယင်းအသင်းများထဲမှ ဆီဆုံကုန်းစိုက်/ထွေသမဝါယမအသင်း အသင်းသားတောင်သူ ၅၆ ဦးအနက် အသင်းသားတောင်သူ ဦးဝင်းကြည်၏ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော ရက် ၇၀ အရွယ်ခန့် ထိုင်းနံ့ကောက်စပါး စိုက်ပျိုးထားရှိမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပြီးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဧပြီ ၇**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၅၃ မိနစ် ၅၀ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ တောင်ဘက် ၄၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၃ ဒသမ ၆၁ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၃၇ ဒီဂရီ၊ အနက် ၈၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ၇ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၇ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၃၉၁ | ၅,၀၇၆,၅၀၀ |
| MTSH | ၆,၂၀၀ | ၆,၂၀၀ | ၈,၂၃၃ | ၅၁,၀၄၄,၆၀၀ |
| MCB | ၉,၃၀၀ | ၉,၅၀၀ | ၁၆၆ | ၁,၅၇၁,၄၀၀ |
| FPB | ၄,၂၀၀ | ၄,၂၀၀ | ၈,၅၄၁ | ၃၅,၈၇၂,၃၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၂၄ | ၇၈,၀၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၂,၁၂၅ | ၃,၈၃၁,၂၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၅၀ | ၅၂ | ၂၀၂,၉၅၀ |
| MAEX | ၃,၈၀၀ | ၃,၈၅၀ | ၅,၀၁၅ | ၁၉,၃၀၂,၇၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၈,၅၀၀ | ၄၄ | ၁,၆၇၃,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အောဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး (ပထမတန်း) နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း အထွေထွေညွှန်ကြားရေးမှူးချုပ် Dmitry Vladimirovich Bakanov ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

**သို့**
**ဦးမင်းအောင်လှိုင်**
**သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် တာဝန်စတင်ထမ်းဆောင်သည့်အတွက်ကြောင့် ကျွန်ုပ်အနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ မြင့်မြတ်လှသောတာဝန်ကို ထမ်းဆောင်ရန် ရွေးချယ်ခံရခြင်းသည် နိုင်ငံတော်တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဆွေတော်၏ ကြိုးပမ်းအားထုတ်မှုများကို ပြည်သူလူထုတစ်ရပ်လုံးက အသိအမှတ်ပြုကြောင်း ခိုင်မာသောသက်သေအထောက်အထားပင်ဖြစ်ပါသည်။

ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် အာကာသစူးစမ်းလေ့လာရေးကဲ့သို့သော အရေးကြီးသည့် နယ်ပယ်များတွင် အဆွေတော်၏ အစဉ်တစိုက် ပံ့ပိုးကူညီမှုများကို ကျွန်ုပ်တို့ အထူးပင် တန်ဖိုးထားပါသည်။ အဆွေတော်၏ ခိုင်မာသော ရပ်တည်ချက်နှင့် အလေးထားဆောင်ရွက်မှုတို့ကြောင့် အဆိုပါကဏ္ဍတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ပါသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းအောင် ဆက်လက်ဆောင်ရွက်သွားရန် အဆင်သင့်ရှိပါကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

အဆွေတော်နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားအားလုံး ကျန်းမာချမ်းသာပါစေကြောင်းနှင့် ငြိမ်းချမ်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လေးစားစွာဖြင့်

Dmitry Vladimirovich Bakanov
ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရအကြံပေး(ပထမတန်း)
အထွေထွေညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံပိုင် Roscomos ကော်ပိုရေးရှင်း

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၇

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ကြူကုန်းဖုန် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

**ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း**

ဟန္နိုင်းမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်

**အဆွေတော် ဦးမင်းအောင်လှိုင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းကိုယ်စား မိမိက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ယခုကဲ့သို့ အရေးပါသောအခါသမယသည် အဆွေတော်အပေါ် မြန်မာပြည်သူများ၏ ခိုင်မာစွာယုံကြည်မှုကို အထင်အရှားသက်သေပြလျက်ရှိပါသည်။ ရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့မှုသည် အဆွေတော်၏ ဦးဆောင်မှုအောက်တွင် ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုများ ရရှိခဲ့သည့်အပေါ် ပြည်သူများက ကျေးဇူးတင်ရှိလျက်ရှိသည်ကို ထင်ဟပ်စေလျက်ရှိပါသည်။

ပြည်သူအချင်းချင်း ဆက်ဆံရေးဆိုင်ရာသံတမန်အသင်း၏ ဥက္ကဋ္ဌအနေဖြင့် အဆွေတော်ထံသို့ သဝဏ်လွှာတိုက်ရိုက်ပေးပို့ခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါသည်။ နိုင်ငံတကာ ဓလေ့ထုံးတမ်းများအရ ချစ်ကြည်ရေးအသင်းတစ်ခုက နိုင်ငံတော်အကြီးအကဲတစ်ဦးထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာလိပ်မူပေးပို့ခွင့်ရရှိခြင်းမှာ ရှားပါးသည့်အခွင့်အရေးဖြစ်ပါသည်။ မိမိ ယခုကဲ့သို့ အခွင့်အရေးရရှိခြင်းသည် ပြည်သူအချင်းချင်း သံခင်းတမန်ခင်း၏ အရေးပါမှုအပေါ် အဆွေတော်၏ ထူးခြားသောအမြင်နှင့် ကတိကဝတ်ပြုမှုကို ထင်ဟပ်စေလျက်ရှိပါသည်။ အဆွေတော်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိုသာမက နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း တန်ဖိုးထားလျက်ရှိသည်ကို ပြသလျက်ရှိပါသည်။ ယင်းသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုအတွက် ပေါင်းကူးတစ်ခုသဖွယ် ဆောင်ရွက်လျက်ရှိသည့် မိမိတို့အသင်းအတွက် ကြီးမားသောအင်အားတစ်ရပ်ဖြစ်ပါသည်။

အဆွေတော် ရာထူးတာဝန်သစ် ထမ်းဆောင်ချိန်တွင် ဗီယက်နမ်-မြန်မာ ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးသည် ယခင်ကထက် သာလွန်ကောင်းမွန်သည့်အဆင့်သို့ ရောက်ရှိတက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ဒေသတွင်းတည်ငြိမ်မှုနှင့် သာယာဝပြောမှု၏ မဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံ၏ တိုးတက်၍ ငြိမ်းချမ်းသည့်ပုံရိပ်ကို ဗီယက်နမ်ပြည်သူများထံသို့ မြှင့်တင်အသိပေးရာတွင် မိမိတို့အသင်းက ယုံကြည်ရသည့် မိတ်ဖက်အဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ကတိပြုပါသည်။

အဆွေတော်အနေဖြင့် စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဦးဆောင်ရာတွင် ကျန်းမာမှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှုများနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လေးစားမှုဖြင့်

မစ္စတာ ကြူကုန်းဖုန်
ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ

❂ ရှေ့ဖုံးမှ

အပြန်အလှန်လေးစားမှုနှင့် နားလည်မှုတို့ဖြင့် နက်ရှိုင်းစွာ ဆက်စပ်လျက်ရှိပါသည်။ ဤဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အဆွေတော်၏ ရာထူးသက်တမ်းအတွင်း မိမိတို့၏ ပိုမိုလက်တွေ့ကျသော အပြန်အလှန် အကျိုးစီးပွားအတွက် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ကျွန်ုပ်သည် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိပြီး ထိုသို့ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ မိတ်ဖက်ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်စေမည်ဖြစ်သည်။ နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးအတွက်သာမက ဒေသတွင်းနှင့် ဒေသတွင်းကိုကျော်လွန်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြလျက် အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းများအားလုံး အဆင်ပြေချောမွေ့ပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**ဟွန်ဆင်**

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း လစဉ်ပုံမှန်အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ လစဉ်ပုံမှန်အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၆) ကို ယနေ့တွင် အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။




ဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌက မကြာမီကျရောက်မည့် သင်္ကြန်ပွဲတော်ကာလအတွင်း လူငယ်လူရွယ်များ မူးယစ်ဆေးဝါး သုံးစွဲမှုမရှိအောင် တတ်နိုင်သရွေ့ ကြိုတင်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်၊ ကျောင်းပိတ်ရက်ကာလဖြစ်၍ ကျောင်းပြင်ပရောက် လူငယ်လူရွယ်များကို ဦးစားပေး၍ ပညာပေးရန်၊ ဥပမာ ဂေါက်ကွင်းများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများနှင့်ညှိနှိုင်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ကို ဖိတ်ကြားကာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားပြီး အလုပ်အမှုဆောင်ကော်မတီဝင်များက ဖြည့်စွက်အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**MANA**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် မေ ၇

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာနိုင်ငံတောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတ ဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ကြောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရှိရသည်။

သတင်းစဉ်

## ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာ ပေးပို့ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး၏ အထွေထွေ ရွေးကောက်ပွဲကြီးအပြီးတွင် ပြည်သူကတင်မြှောက်ပေးခဲ့သော နိုင်ငံတော်သမ္မတကြီးအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဒုတိယသမ္မတ(၁) ဦးညိုစော၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးတို့ အနေဖြင့် နိုင်ငံတာဝန်အား ဆတက်ထမ်းပိုးထမ်းဆောင်မည်ကို ယုံကြည်အားကိုးခြင်းဖြင့် မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုး တိုးတက်ရေးပါတီမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ အပ်ပါသည်။

ဗဟိုဥက္ကဋ္ဌနှင့်ဗဟိုကော်မတီအဖွဲ့
မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ
ဗဟိုရုံးချုပ်

## အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် “မြန်မာနိုင်ငံ စာရေးဆရာ အသင်း”က အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး နိုင်ငံတော်၏အကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်(တတိယ)အကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ (၁) အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတ(၂) အဖြစ်လည်းကောင်း အသီးသီးရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ(NIDP)မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့် အမိနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီမှ ဆန္ဒပြုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခံရမှုအပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၃)ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ်တင် မြှောက်ခဲ့ကြပါသည်။

၂။ ထိုသို့ ရွေးချယ်တင်မြှောက်ကြရာတွင် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယသမ္မတများအဖြစ် ဦးညိုစော နှင့် နန်းနီနီအေးတို့က ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

၃။ နိုင်ငံတော်သမ္မတဦးဆောင်မည့် ပြည်ထောင်စုအစိုးရအဖွဲ့ က နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထုအကျိုးတို့ကို အောင်မြင်စွာ သယ်ပိုးဆောင်ရွက်နိုင်လိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူလူထု အကျိုးတို့ကို သယ်ပိုးဆောင်ရွက်ရာတွင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီမှ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ဤ“ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ”ကို ပေးပို့ အပ်ပါသည်။

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ

# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

ဘားအံ မေ ၇



တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၂ ဦးအနက် ၂၁ ဦး တက်ရောက်ကြသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးစောမြင့်ဦးက ပြည်နယ်လွှတ်တော်တွင် အတည်ပြုထားသော ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးအရေး ဆောင်ရွက်ရန်အတွက် ဗမာတိုင်းရင်းသားရေးရာဝန်ကြီးအဖြစ် ဦးတင်မောင်လှိုင်၊ မွန်တိုင်းရင်းသားရေးရာဝန်ကြီး အဖြစ် ဦးမင်းမျိုးမြင့်နိုင်၊ ပအိုဝ်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ် ဦးခွန်မြတ်ထူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ကို ရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဒေါ်နော်သန်းသန်းငြိမ်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးအောင်စိုးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကပေးပို့ထားသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော် တရားသူကြီးနှစ်ဦးအဖြစ် ဒေါ်ခင်စိမ်းဝင်းနှင့် ဒေါ်နွဲ့နွဲ့ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

✻ တတိယအကြိမ်မှ

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်းတင်ပြချက်ကို လွှတ်တော်က သဘောတူ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို (၂၀၀၈ ခုနှစ်) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါတင်ပြချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း တင်ပြချက်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူ

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် လွှတ်တော်သို့ တင်ပြထားသော ဦးသာဌေးအား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

### ဦးသန်းစိုးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူ

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ၁၅ဦးတို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း ပြောကြားပြီး အဆိုပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသဖြင့် လွှတ်တော်သို့ တင်ပြထားသည့် ဦးသန်းစိုး၊ ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်းနှင့် ဒေါ်ခင်သင်းဝေတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ယင်းအဖွဲ့မှ ဦးသန်းစိုးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် လည်းကောင်း ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြင့်စန်းက အစိုးရအဆက်ဆက်က တောင်သူလယ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေများ ပြဋ္ဌာန်းပေးသော်လည်း လက်တွေ့မြေပြင်တွင် အားနည်းနေသည်ကို တွေ့ရကြောင်း၊ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေစသည်ဖြင့် ဥပဒေ (၂၀)ခန့် ရှိသော်လည်း တောင်သူလယ်သမားများအတွက် ထိရောက်မှုအားနည်းသည့်အပြင် မူဝါဒများ ပေါင်းစည်းနိုင်မှုမရှိသောကြောင့် ဗဟိုအဆင့်အနေဖြင့် စနစ်တကျကွပ်ကဲသင့်သည်ကို စိစစ်တွေ့ရှိရကြောင်း။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာန ပေါ်ပေါက်လာလျှင် တောင်သူလယ်သမား မိသားစုများအတွက် မြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ လွယ်ကူချောမွေ့ကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းပညာများ၊ စက်ကိရိယာများ၊ မျိုးစေ့သစ်များ၊ စက်မှုလက်မှုနှင့် စိုက်ပျိုးမွေးမြူရေးပညာများ သင်ကြားပေးနိုင်ပြီး သာမန်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ နိုင်ငံအဆင့်၊ ကမ္ဘာ့အဆင့် စားနပ်ရိက္ခာထုတ်လုပ်သော နိုင်ငံအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်း။

တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ပြည်ထောင်စုဝန်ကြီး တစ်ဦးက ဦးစီးဆောင်ရွက်သင့်ကြောင်း၊ ဝန်ကြီးဌာန မဖွဲ့စည်းနိုင်သေးသည့်အချိန်တွင် တောင်သူလယ်သမားများ၏ ကိစ္စအဝဝကို သီးခြားဆောင်ရွက်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တောင်သူလယ်သမားရေးရာဦးစီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းပေးရန် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ဒလမဲဆန္ဒနယ်မှ ဦးတင်မြင့်က (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆ အရ ပြည်ထောင်စုလွှတ်တော်သည် ဇယား ၁ တွင် ဖော်ပြထားသော ပြည်ထောင်စု ဥပဒေပြုစာရင်းပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုခွင့်ရှိသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်း အပိုဒ်(၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ အပိုဒ်ခွဲ (င)၊ (ဈ)၊ (ည) တို့တွင် ပါရှိသည့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊ စက်မှုလယ်ယာအဖြစ် တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေးလုပ်ငန်းများနှင့် တောင်သူလယ်သမားအခွင့်အရေးများအတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအတွက် လုံလောက်သောစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခြင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်နှင့်အညီ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးခြင်း၊ တောင်သူလယ်သမားများ ရသင့်ရထိုက်သော အခွင့်အရေးများရရှိရေး ဆောင်ရွက်နိုင်ရေးတို့အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာန တစ်ခု တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း။

ထို့ပြင် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအား ပေါင်းစပ်ဖွဲ့စည်းမည့်အစား ဟိုတယ်ခရီးသွားလာရေးဝန်ကြီးဌာန တစ်ခုနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန တစ်ခုအဖြစ် သီးခြားစီဖွဲ့စည်းသင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်က လက်ရှိအခြေအနေတွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးသွားသော စည်ပင်သာယာနယ်နိမိတ်အဖြစ် သတ်မှတ်ထားသော မြို့များကို ပြန်လည်တည်ဆောက်ရာတွင် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အခြားမြို့များနည်းတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် ဒေသနေပြည်သူများထံမှရရှိသော အခွန်အခကောက်ခံရရှိငွေဖြင့်သာ လုပ်ဆောင်ရမည်ဆိုပါက အခက်အခဲများစွာ ရှိနေသည့်အတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနအနေဖြင့် လုပ်ကိုင်ပါက အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား (၂) အပိုဒ်(၈)၊ စီမံခန့်ခွဲရေးကဏ္ဍတွင် ထည့်သွင်းထားသည့် စည်ပင်သာယာရေးအဖွဲ့ကို ပြည်ထောင်စုအဆင့်အဖြစ် လွှတ်တော်အတွင်း ပြင်ဆင်ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်သုံးဦး၏ အကြံပြုဆွေးနွေးချက်များအပေါ် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၏ ရှင်းလင်းဖြေကြားချက်ကို ဖတ်ကြားရာတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေးလက်နေပြည်သူအများစုသည် တောင်သူလယ်သမားများဖြစ်သောကြောင့် တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးသည်လည်း အရေးကြီးကြောင်း၊ လက်ရှိတွင် တောင်သူလယ်သမားရေးရာကိစ္စရပ်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက် တောင်သူလယ်သမားရေးရာဝန်ကြီးဌာနကို သီးခြားဝန်ကြီးဌာနတစ်ခုအနေဖြင့် ဖွဲ့စည်းမထားခြင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် စိုက်ပျိုးရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိကြောင်း။

မြန်မာ့လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေး၊ သားငါးမွေးမြူရေးနှင့် သစ်တောကဏ္ဍများ ပါဝင်ပြီး လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လယ်ယာကဏ္ဍ အခွင့်အလမ်းကောင်းများကို ဖော်ထုတ်ပေးနိုင်ရန်အတွက် မူဝါဒနှင့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အရည်အသွေးမီလယ်ယာနှင့် သားငါးထွက်ကုန်များကို ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနသည် ဝန်ကြီးဌာန၏ လယ်ယာကဏ္ဍမူဝါဒများ၊ မျှော်မှန်းချက်များ ပြည့်မီရန်ရည်ရွယ်ပြီး မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ ရည်ရွယ်ချက်များ၊ မူဝါဒများ၊ လုပ်ငန်းများနှင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မျှော်မှန်းချက်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ်ဖော်ဆောင်ရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များထဲတွင် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လမ်းများနှင့် တံတားများ တည်ဆောက်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်း၊ ကျေးလက်ဒေသနေပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးရန်ဆိုသည့် လုပ်ငန်းတာဝန်များ ပါဝင်ကြောင်း။

လက်ရှိတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန နှစ်ခုသည် တောင်သူလယ်သမားရေးရာကိစ္စများကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအများစု၏ ဝန်ကြီးဌာနဖွဲ့စည်းမှုကို ကြည့်မည်ဆိုလျှင်လည်း တောင်သူလယ်သမားရေးရာကိစ္စရပ်များကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားရေးရာ ဝန်ကြီးဌာနအဖြစ် သီးခြားဝန်ကြီးဌာနတစ်ခုကို ထပ်မံတိုးချဲ့ပြီး ဖွဲ့စည်းမှုမပြုခြင်းဖြစ်ကြောင်း။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုကို ဝန်ကြီးဌာနတစ်ခုတည်း ပေါင်းစပ်ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်သည် ယဉ်ကျေးမှုကို ခရီးသွားလုပ်ငန်း၏ အဓိကမောင်းနှင်အားအဖြစ် အသုံးချပြီး စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အကျိုးကျေးဇူးများကို တစ်ပြိုင်တည်း ရရှိစေရန်ဖြစ်ကြောင်း၊ နိုင်ငံအများအပြားတွင်လည်း ဟိုတယ်၊ ခရီးသွားနှင့် ယဉ်ကျေးမှုကို ပေါင်းစပ်ပြီး ဝန်ကြီးဌာနတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရရှိနိုင်သည့် အကျိုးကျေးဇူးများသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကို တစ်ပြိုင်တည်း ညှိနှိုင်းနိုင်ပြီး ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ကြောင်း၊ ခရီးသွားများကို ဒေသခံ ရိုးရာဓလေ့၊ အနုပညာ၊ သမိုင်းဝင်နေရာများနှင့် မိတ်ဆက်ပေးရာတွင် ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာချိန်တွင် ယဉ်ကျေးမှုဆိုင်ရာ ထိခိုက်မှုများကို လျှော့ချနိုင်ပြီး အမွေအနှစ်များကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကို ပေါင်းစပ်ခြင်းဖြင့် စာမျက်နှာ ၆ သို့ ✻

✻ စာမျက်နှာ ၅ မှ
နိုင်ငံ၏ ဆွဲဆောင်မှုအားမြှင့်တင်ကာ နိုင်ငံခြားခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဘတ်ဂျက်၊ လူအင်အားနှင့် အခြေခံအဆောက်အအုံများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအဖြစ် ပေါင်းစပ်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ ၁၈၈ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား(၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်"ဟု ပြဋ္ဌာန်းထားပြီး ဇယား(၂)၊ အပိုဒ်(၈)၊ စာပိုဒ်ခွဲ(က)တွင် "စည်ပင်သာယာရေး" ဆိုသည့်ကဏ္ဍရပ်ပါဝင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၉ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သောကိစ္စရပ်များသို့ သက်ရောက်ပျံ့နှံ့သည်"ဟု ပြဋ္ဌာန်းထားကြောင်း။

ထို့ကြောင့် "စည်ပင်သာယာရေး" ကဏ္ဍသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဥပဒေပြုခွင့်ရှိပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၏အုပ်ချုပ်မှုအာဏာအတွင်း ကျရောက်သည့် ကိစ္စရပ်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များသည် ဒေသတစ်ခုအတွင်းနေ ပြည်သူများအတွက် နေ့စဉ်နှင့်အမျှ ထိတွေ့ဆောင်ရွက်ပေးနေရသော လုပ်ငန်းကိစ္စရပ်များဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဥပဒေနှင့်အညီ မိမိတို့ဒေသ၏ အခြေအနေ၊ အချိန်အခါနှင့်လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ခွင့်ပေးထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်နှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုအဆင့်တွင် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရန် မသင့်သည်ကို တွေ့ရှိရကြောင်း ဖတ်ကြားရှင်းလင်းသည်။

## ပြည်ထောင်စုအစိုးရဝန်ကြီးဌာနအရေအတွက် ၃၁ ခုနှင့် အဆိုပါ ပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်ကို လွှတ်တော်ကအတည်ပြု

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက်နှင့် အမည်သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းခဲ့ကြသော လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူကာ အဆိုပြုတင်ပြထားသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာန အရေအတွက် ၃၁ ခုနှင့် အဆိုပါ ပြည်ထောင်စုဝန်ကြီးဌာန အမည်သတ်မှတ်ချက်ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး လွှတ်တော်က သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်ရှစ်ဦး၏ အမည်စာရင်းများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး ယင်းပုဂ္ဂိုလ်ရှစ်ဦး၏ အမည်ကို လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြကာ ဒေါက်တာ ခင်နိုင်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးဇော်မြင့်နိုင်၊ ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦးတို့အားလည်းကောင်း တာဝန်ပေးအပ်ရန် လွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်က သဘောတူကြောင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်ရေး သက်ဆိုင်ရာဥပဒေနှင့်အညီ လွှတ်တော်သို့ တင်ပြထားကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သစ်ကို ဖွဲ့စည်းနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဖွဲ့ဝင် သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသူအဖွဲ့ဝင် သုံးဦး စုစုပေါင်းအဖွဲ့ဝင် ကိုးဦး၏ အမည်စာရင်းနှင့် ယင်းအဖွဲ့မှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့တင်ပြထားကြောင်း ပြောကြားပြီး နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ရွေးချယ်တင်ပြထားသည့် အဖွဲ့ဝင်ကိုးဦးအနက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသူ ဦးစိုးသိန်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်း ပြောကြားပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သစ်ဖွဲ့စည်းရန် လွှတ်တော်သို့ တင်သွင်းထားသည့် အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူကြောင်းကြေညာခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းတို့ကို မေ ၉ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန့်ကွက်လိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြထားသော ပြည်ထောင်စုဝန်ကြီးဦးရေ ၃၀ သတ်မှတ်ချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်မရှိသည့်အတွက် ပြည်ထောင်စုဝန်ကြီး ဦးရေ ၃၀ သတ်မှတ်ချက်ကို လွှတ်တော်ကသဘောတူကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ကို မေ ၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**သတင်းစဉ်**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**ထားဝယ် မေ ၇**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**စတင်ကျင်းပ**

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၂၈ ဦးရှိသည့်အနက် ၂၇ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အဆိုပြုလာသည့် ပုဂ္ဂိုလ်ရှစ်ဦး၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြ၍ သဘောတူညီချက်ရယူရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက ကန့်ကွက်ရန်မရှိသဖြင့် အဆိုပါပုဂ္ဂိုလ်ရှစ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးအပ်ရန် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက်တနင်္သာရီတိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်ထားခံရသူက အမည်စာရင်း တင်သွင်း အဆိုပြုထားသည့် ဦးထိန်လင်းကျော်အား လည်းကောင်း၊ တိုင်းဒေသကြီးစာရင်းချုပ်အဖြစ် ဒေါ်ဌေးဌေးမြင့်အား လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဒေါ်ပိုက်ပိုက်အေးအား လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်အေးအေးသန်းနှင့် ဒေါ်ရင်ရင်သန်းတို့အား လည်းကောင်း သက်ဆိုင်ရာ ရာထူးအသီးသီး၌ တာဝန်ပေးရန် တနင်္သာရီတိုင်း ဒေသကြီး လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေး ကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့၏ အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြကာ လွှတ်တော်၏အတည်ပြုချက်ရယူဆောင်ရွက်ရာ လွှတ်တော်က အတည်ပြုပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**တောင်ကြီး ဧပြီ ၇**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ရှမ်းပြည်နယ် ဝန်ကြီးဌာနများ၏အမည်စာရင်းကို လွှတ်တော်သို့တင်ပြရန် မှတ်တမ်းတင်ပြီး ဝန်ကြီးဌာနများတွင် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ဦးစိုင်းထိန်စိုးက လွှတ်တော်သို့ တင်ပြဖတ်ကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပြည်နယ် ဥပဒေချုပ်အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ် အမည်စာရင်းတို့ကို လွှတ်တော်သို့တင်ပြပြီး အမည်စာရင်းတင်ပြခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသောသူက ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန် ပေးရန် ပေးပို့လာသည့်အမည်စာရင်းကို ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းတင်သွင်းထားသည့် လူပုဂ္ဂိုလ်ခုနစ်ဦးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် ဦးစိုင်းကျော်ဇံအား ပြည်နယ် ဥပဒေချုပ်နှင့် ဒေါ်ခင်ထွေးရီအား ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူကြောင်းနှင့် ဦးသန်းဦးလွင်အား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဒေါ်စန္ဒာအောင်၊ ဦးအောင်မော်နှင့် ဒေါ်သူဇာအောင် တို့သုံးဦး၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**စစ်တွေ ဧပြီ ၇**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီက ရခိုင်ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးက အဆိုပြုသည်။

ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းတို့ကို ပြည်နယ်လွှတ်တော်သို့ ကြေညာပြီး အမည်စာရင်း အဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းအဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိ သဘောတူညီကြသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူ စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဦးက ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများအား အဆိုပြုသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခြင်းခံရသူက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်၏ အမည်စာရင်းနှင့် ပြည်နယ် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းများအား ပြည်နယ်လွှတ်တော်သို့ ကြေညာပြီး အမည်စာရင်း အဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ပြည်နယ်ဝန်ကြီးချုပ် အဖြစ် တင်မြှောက်ခြင်းခံရသူက အဆိုပြုလာသည့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများအဖြစ် ဦးအောင်ထွန်းသိန်း၊ ဒေါ်စောရွှေ၊ ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးဝင်းမောင်၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်သန်းကြည်တို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်မှုမရှိသဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။ **တင်ထွန်း(ပြန်/ဆက်)**

## တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**ဟားခါး ဧပြီ ၇**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ချင်းပြည်နယ်လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ချင်းပြည်နယ်လွှတ်တော်ကအတည်ပြုထားသော ပြည်နယ်အစိုးရဝန်ကြီးဌာန ခုနစ်ခုတွင် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်နိုင်ရန် အဆိုပြုသည့် ပြည်နယ်ဝန်ကြီး ခုနစ်ဦး၏ အမည်စာရင်းအား တင်ပြပြီး တင်ပြသည့် ပြည်နယ်ဝန်ကြီးများသည် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပြည့်စုံမှု ရှိ၊ မရှိ စိစစ်နိုင်ရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ဆွေးနွေးအတည်ပြုချက်ရယူမည်ဖြစ်ကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကြေညာသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်နယ်ဥပဒေချုပ်အဖြစ် ဦးကပ်တလွန်းအားလည်းကောင်း၊ ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဦးမောင်မောင်ခင်အားလည်းကောင်း အဆိုပြုတင်ပြခဲ့ပြီး ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် အဆိုပြုသည့် ဦးမြတ်စံနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် အဆိုပြုသည့် ဒေါ်မန်ဟောက်ချုန်နှင့် ဦးကျော်သောင်းအောင်တို့အား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးရန်မရှိသဖြင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် ချင်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို အသိပေးကြေညာသွားမည်ဖြစ် ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြွမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား”အစီအစဉ်မှ **“ပြည်တွင်းခတ်အားလိုင်းများ၊ တာဝါတိုင်များ၊ လမ်း/တံတားများ၊ အဆောက်အဦများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မိုင်းခွဲမီးရှို့ဖျက်ဆီးနေတဲ့ PDF အကြမ်းဖက်သမားများ”** ခေါင်းစဉ်ဖြင့် ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဧပြီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားတွေရဲ့ မဆင်မခြင် မိုင်းထောင်မှုများကြောင့် ပြည်သူများအတွက် အသက်ဘေးအန္တရာယ်ခြိမ်းခြောက်မှုများ နောက်ဆက်တွဲအဖြစ် ကျန်ရှိနေဦးမည်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေး နေ့တိုင်းနံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

ရန်ကုန် မေ ၇

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေးအောင်က တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ဒေါ်စန္ဒာသွယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ၁၀ ဦး၏ အမည်များဖြစ်သည့် ဗိုလ်မှူးကြီးဝင်းတင့်၊ ဦးနေမင်းထွန်း၊ ဒေါက်တာမေသန်းနွယ်၊ ဦးဗိုလ်ငွေး၊ ဦးနေလင်းထွန်း၊ ဒေါက်တာမျိုးသော်၊ ဒေါက်တာထူးမောင်၊ ဦးစိုးဦး၊ ဦးမျိုးမြင့်အောင်၊ စောဂျက်ကော့ထူး၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ဒေါ်ဖြူမာဝေ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ဒေါ်ခင်မာချို၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်ခြောက်ဦး အမည်များဖြစ်သည့် ဦးကျော်စွာငြိမ်း၊ ဒေါ်ထားထား၊ ဒေါ်နုနုခင်၊ ဦးကျော်ကျော်၊ ဒေါ်မာလာထွဋ်၊ ဦးသောင်းထွေးတို့၏ အမည်စာရင်းများကို တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြ၍ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ် ၁၀ ဦး၊ ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးမည့်ပုဂ္ဂိုလ်နှင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးမည့် ပုဂ္ဂိုလ်ခြောက်ဦးတို့၏ ခန့်အပ်တာဝန်ပေးမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကန့်ကွက်သူမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

မုံရွာ မေ ၇

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ရာခိုင်နှုန်းပြည့် တက်ရောက်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို လွှတ်တော်သို့တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်လေးဦးက တိုင်းဒေသကြီးဝန်ကြီးဌာန ခုနစ်ခုနှင့် ဝန်ကြီးခုနစ်ဦးနည်းသည့်အတွက် ထပ်မံတိုးချဲ့ခန့်အပ်နိုင်ရေး တင်ပြဆွေးနွေးလာသည့်အတွက် လွှတ်တော်ကမှတ်တမ်းတင်ထားရှိကာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်နိုင်ရေးအတွက် အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။



ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ဒေါ်လှလှဝင်း၏ အမည်စာရင်းအဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ဒေါ်မြင့်မြင့်သိန်း၏ အမည်စာရင်းအဆိုပြုချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံထားရသူက တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဦးဇော်ထူးအားခန့်အပ်နိုင်ရေးအတွက် ပေးပို့လာသော အဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက တင်ပြလာသည့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများအဖြစ် ဦးဟန်သိန်း၊ ဒေါ်မိမိစိန်နှင့် ဦးခင်မောင်သိန်းတို့၏ အမည်စာရင်းအဆိုပြုချက်ကို တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

မော်လမြိုင် မေ ၇

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ် လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့ထားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးမည့် အမည်စာရင်းကို လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းနှင့် မွန်ပြည်နယ်အတွက် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပြီး ပြည်နယ်ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်မည့်ပုဂ္ဂိုလ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်တို့၏ ကိုယ်ရေးအချက်အလက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေသည်။

ဆက်လက်၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတာဝန်ပေးအပ်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှပေးပို့ထားသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့ထားသည့် ဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်အပ်မည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။



ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အမည်စာရင်းနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက ပေးပို့ထားသည့် မွန်ပြည်နယ်အတွက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ အတည်ပြုသည်။

ယင်းနောက် တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် သတ္တမနေ့ အစည်းအဝေးကို မေ ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**စည်သူ(ပြန်/ဆက်)**

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ




**မန္တလေး မေ ၇**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)ကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦးရှိသည့်အနက် ၇၁ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၆၁ ရာခိုင်နှုန်း တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်အဖြစ် ဒေါ်လှမြင့်ကို ခန့်အပ်တာဝန် ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော တိုင်းဒေသကြီးဝန်ကြီးများ ခန့်အပ်တာဝန် ပေးနိုင်ရေးအတွက် လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုထားသော မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်၊ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် လွှတ်တော်သို့တင်ပြပြီး လွှတ်တော်၏ သဘောတူညီချက်ကို ရယူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ



**လွိုင်ကော် မေ ၇**

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် လွိုင်ကော်မြို့ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၆ ဦးရှိပြီး ကိုယ်စားလှယ်အားလုံး တက်ရောက်ကြသည့်အတွက် ရာနှုန်းပြည့်ဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ တာဝန်ပေးအပ်နိုင်ရေးအတွက် အဆိုပြုပေးပို့လာသည့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့်ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၏အမည်စာရင်းကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တရားလွှတ်တော် တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံထားရသူက အဆိုပြုပေးပို့လာသည့်တရားလွှတ်တော်တရားသူကြီးချုပ် အမည်စာရင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် တရားလွှတ်တော် တရားသူကြီးများ၏ အမည်စာရင်းများကို လွှတ်တော်ဥက္ကဋ္ဌက ဖတ်ကြားတင်ပြပြီး ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုပေးပို့လာသည့် ပြည်နယ်ဝန်ကြီးများ၏ အမည်စာရင်းကို အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး (စတုတ္ထနေ့) ဒုတိယပိုင်းကိုရပ်နားပြီး မေ ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**မြစ်ကြီးနား မေ ၇**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ ရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး ပဉ္စမနေ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး စလုံး တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာသည်။

**ကြေညာ**

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကချင်ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက ဝန်ကြီးဌာန ခုနစ်ခု၏ အမည်စာရင်းနှင့် စပ်လျဉ်း၍ အဆိုပြုတင်သွင်းလာမှုအပေါ် လွှတ်တော်က ဆွေးနွေးနိုင်ရေး ကြေညာသည်။

ထို့အတူ ကချင်ပြည်နယ် ဥပဒေချုပ်အဖြစ် ဒေါ်နန်းလုလုအေး၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်အဖြစ် ဒေါ်ခင်လေးနွယ်တို့ကို ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာမှုနှင့် ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူက အဆိုပြုလာသည့် ဒေါ်အေးအေးမော်၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် ကချင်ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသူက အဆိုပြုလာသည့် ဦးအောင်မြင့်၊ ဒေါ်ပြုံးပြုံးကြည်၊ ဒေါ်ခင်ပြုံးရီတို့၏ အမည်စာရင်းများအား လွှတ်တော်သို့တင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**ပုသိမ် မေ ၇**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက ဝန်ကြီးဌာန ခုနစ်ခုတွင် ဝန်ကြီးဌာနအလိုက် ခန့်အပ်တာဝန်ပေးမည့် ဝန်ကြီး ခုနစ်ဦး၏ အမည်စာရင်း အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး/ ကန့်ကွက်ခြင်းမရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းရင်းသားလူမျိုးရေးရာဆောင်ရွက်ရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှစ်ဦး ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

**လွှတ်တော်က သဘောတူ**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူက တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း အဆိုပြုချက်ကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူက တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး လေးဦးကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်း အဆိုပြုချက်နှင့် စပ်လျဉ်း၍ လည်းကောင်း လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေး/ ကန့်ကွက်ခြင်း မရှိသဖြင့် လွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး တတိယအကြိမ် ဧရာဝတီတိုင်း ဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**မကွေး မေ ၇**

တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၇ ရက် နံနက်ပိုင်းက မကွေးမြို့ တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသော တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်း၊ ချင်းတိုင်းရင်းသား လူမျိုးရေးရာ ဆောင်ရွက်နိုင်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း၊ တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးများ၏ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသော တိုင်းဒေသကြီးဝန်ကြီးများ၏ အမည်စာရင်းကို ကြေညာရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် အောင်လံမြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးစန်းလွင်၊ လူမှုရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပွင့်ဖြူမြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်နွယ်နီနိုင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် နတ်မောက်မြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးဆန်းညွန့်အောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် မင်းဘူးမြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်နိုင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစိုင်းမြင့်အေး၊ စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် နတ်မောက်မြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကြည်ထွန်း၊ တိုင်းဒေသကြီးဥပဒေချုပ်အဖြစ် ဦးအေးလွင်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်အဖြစ် ဒေါ်အေးအေး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်အဖြစ် ဒေါ်မိမိမော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဒေါ်ခင်နှင်းထွေး၊ ဦးထွန်းထွန်းအောင်နှင့် ဒေါ်မာလာတို့အား ခန့်အပ်တာဝန်ပေးအပ်ကြောင်း လွှတ်တော်သို့ တင်ပြရာ လွှတ်တော်က အတည်ပြုရန် သဘောတူသဖြင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို မေ ၁၀ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**ပဲခူး မေ ၇**

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို မေ ၇ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်ပြ၍ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်း ကြေညာခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီးလွှတ်တော် မြို့ပြစည်ပင်သာယာရေးနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီတွင် ပါဝင်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်သို့ ဖတ်ကြားတင်ပြ တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်း ကြေညာသည်။



ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီးဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်းနှင့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီးဝန်ကြီး၊ ဝန်ကြီးဌာန အမည်စာရင်းနှင့် တိုင်းဒေသကြီးဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့၏ အမည်စာရင်းတို့ကို တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြမှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပေးပို့သည့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၏ အမည်စာရင်းနှင့် တိုင်းဒေသကြီးတရားသူကြီး၏ အမည်စာရင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

**တိုင်ဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်တို့အတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့ချရေးအတွက် Fire hotspot ဖြစ်ပွားမှုများနှင့် မြေအသုံးချမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်အတွင်း Fire hotspot ဖြစ်ပွားလေ့ရှိသည့်နေရာများနှင့် မြေအသုံးချမှု ပြောင်းလဲမှုများကို ဝေဟင်မှကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ ရောက်ရှိကြသည်။



ထို့နောက် ညွှန်ကြားရေးမှူးချုပ်များနှင့်အဖွဲ့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌတို့နှင့်အတူ ကျိုင်းတုံခရိုင်နှင့် တာချီလိတ်ခရိုင်တို့အတွင်း မြေအသုံးချမှုများ၊ Fire hotspot ဖြစ်ပွားမှုများနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျှော့ချနိုင်ရေးအတွက် ဝေဟင်မှ ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးရေး ဟောပြောပွဲကို ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက "နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေး အားလုံးပူးပေါင်းပါဝင်ပေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးက "ရာသီဥတုပြောင်းလဲမှု၊ တောမီးနှင့် မီးခိုးမြူငွေ့ တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်နည်းစနစ်များ ပြောင်းကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ကျိုင်းတုံမြို့နယ် လွိုင်မွေမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေးရေးဟောပြောပွဲကို ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်နှင့် တာချီလိတ် ခရိုင်တို့အတွင်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသ သစ်တောများ ထိန်းသိမ်းရေး၊ သဘာဝရေထွက်များ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသကဲ့သို့ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးအတွက် တောမီးလောင်ကျွမ်းမှုများ တားဆီးကာကွယ်ခြင်း၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းနှင့် ကျေးရွာအမှိုက်များ မီးရှို့ခြင်းတို့ကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြေဆီလွှာကျန်းမာရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် သဘာဝမြေသြဇာ သုံးစွဲကြမည်

နေပြည်တော် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာမှ တောင်သူဦးခင်မောင်က လယ်ဧက ၅၀၀ ကျော်၊ ယာဧက ၇၀၀ ကျော်ပိုင်ဆိုင်ပြီး ပဲစိုက်ရမည့်အချိန် ပဲ၊ နှမ်းစိုက်ရမည့်အချိန် နှမ်း၊ မိုးကြိုဆိုလျှင် စပါး စသဖြင့် တစ်နှစ်ကို သုံးသီးစိုက်ပျိုးနေသည့် တောင်သူတစ်ဦးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို မိရိုးဖလာလုပ်ကိုင်ခဲ့သော်လည်း သွင်းအားစုများ ဈေးနှုန်းမြင့်တက်လာသည့် ယနေ့အချိန်တွင် စိမ်းစိုနေသည့် ပဲခင်းများ၊ ဝင်းမှည့်နေသည့် စပါးခင်းများကို ယခင်ကလို စိုက်ပျိုးနိုင်ရေးမှာ စိန်ခေါ်မှုအသွင်ဖြစ်လာသည်။

**တာရာ**

**“အရင်က ယူရီးယားပုလဲဓာတ်မြေသြဇာ တစ်အိတ်ကို ငွေကျပ်တစ်သိန်းရှိရာက အခု တစ်သိန်းခွဲဖြစ်လာတယ်။ လောင်စာဆီဈေးနှုန်း မြင့်တက်လာတာကြောင့် သွင်းအားစုတွေဈေးတက်၊ ဓာတ်မြေသြဇာတွေဈေးတက်ဆိုတော့ တောင်သူတွေ စိုက်ပျိုးဖို့ခက်ခဲကုန်ကြတယ်”** ဟု ဦးခင်မောင်က ဆိုသည်။

သွင်းအားစုများ ဈေးနှုန်းမြင့်တက်မှု၊ လောင်စာဆီဈေးနှုန်းများကြောင့် သီးနှံထုတ်လုပ်မှုကုန်ကျစရိတ် သိသိသာသာတက်လာခြင်းက စိုက်ပျိုးရေးလုပ်ငန်းကို အကျိုးအမြတ်နည်းစေပြီး တောင်သူများ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်ရန် တွန့်ဆုတ်လာကြသည်။

ထိုကဲ့သို့ အခက်အခဲများကို ကုစားနိုင်ရန် သွင်းအားစုများဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် စက်သုံးဆီသုံးစွဲမှုကိုလျှော့ချပြီး နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ရေတင်စနစ်ဖြင့် ရေပေးဝေနိုင်ရေးနှင့် ဓာတ်မြေသြဇာသုံးစွဲမှုကို လျှော့ချကာ သဘာဝမြေသြဇာအစားထိုးသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သဘာဝမြေသြဇာသည် သက်ရှိသတ္တဝါနှင့်အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကို ဆွေးမြည့်စေပြီး အပင်များမှ လိုအပ်သည့်အာဟာရဓာတ်များ ရရှိရေး ပြုပြင်စီမံထားသော ပစ္စည်းများဖြစ်သည်။



သဘာဝမြေသြဇာ အဆင့်ဆင့်ပြုလုပ်နေမှုကို တွေ့ရစဉ်။

### သဘာဝမြေသြဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲ

ဓာတ်မြေသြဇာများ ဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝမြေသြဇာကို ကိုယ်တိုင်ပြုလုပ်သုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာစေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းစေသည်။ မြေဆီလွှာကျန်းမာရေးနှင့် ရေရှည်စိုက်ပျိုးရေးရှုထောင့်မှ ကြည့်မည်ဆိုပါကလည်း အားသာချက်များပြားသည့် နည်းလမ်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။

သဘာဝမြေသြဇာကို သီးနှံပင်များ၊ ကောက်ရိုး၊ ဂျုံရိုး၊ ပဲရိုး၊ ပြောင်းဖူးရိုး၊ နှမ်းရိုး၊ ငှက်ပျောအူတိုင်၊ ပဲဖတ်ခွံ၊ မြေပဲခွံ၊ ဗေဒါ၊ ပေါင်းပင်များ၊ လွှစာမှုန့်များ၊ ကြက်ချေး၊ မြင်းချေး၊ ဝက်ချေး၊ နွားချေးကဲ့သို့ စွန့်ပစ်ပစ္စည်းများမှ ထုတ်ယူရရှိနိုင်သည်။ သီးနှံပင်အရိုး၊ အရွက်ခြောက်များကို ရှစ်လက်မမှ ၁၀ လက်မအထိ အလွှာလိုက်ဖြန့်ခင်းပြီး ဆွေးမြည့်စေရန် အကူပစ္စည်းအဖြစ် နုန်းမြေမှုန့်၊ နွားချေးနှင့် ပြာမှုန့်များကို ရေတွင် ပျစ်ပျစ်ဖျော်ပြီး ပက်ဖျန်းပေးရမည်။

ဒုတိယအလွှာတွင် စိမ်းစိုနေသည့် ပေါင်းမြက်များ၊ အရွက်များ၊ သစ်သီးပုပ်များ၊ အကိုင်း၊ အခက်၊ အရွက်များကို နုပ်နုပ်စဉ်းဖြန့်ခင်းပြီး တတိယအလွှာတွင် နွားချေး၊ ဝက်ချေး၊ ကြက်ချေးများကို မြေကြီး၊ သစ်ဆွေးများနှင့်ရောနှော၍ အလွှာများကို တစ်ထပ်ပြီးတစ်ထပ် လိပ်ခုံးပုံသဏ္ဍာန်စုပုံ၍ လေဝင်လေထွက်ကောင်းမွန်စေရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။

မြေဆွေးပုံများကို မိုးရေများ စိမ့်မဝင်စေရန်နှင့် အပူဓာတ်ထိန်းသိမ်းပေးရန် ရွှံ့စေး၊ ပလတ်စတစ်တို့ဖြင့် ဖုံးအုပ်၊ အလယ်သားများဆွေးမြည့်လာပါက အပုံကို အထက်အောက်လှန်ပေး၊ ရေအနည်းငယ်ပက်ဖျန်းပေးပြီး အတွင်းသားများ ညိုမည်း၊ အနံ့ဆိုးများပျောက်သွားပါက သဘာဝမြေသြဇာအဖြစ် သုံးစွဲနိုင်ပြီဖြစ်သည်။ သဘာဝမြေသြဇာအသုံးပြုခြင်းဖြင့် မြေဆီလွှာကောင်းမွန်စေရေး လိုအပ်သောသစ်ဆွေးဓာတ်ကိုပေးနိုင်မည်။ မြေဆီလွှာအတွင်း အစိုဓာတ်ကို ပိုမိုထိန်းသိမ်းထားနိုင်ပြီး အပင်အတွက် လိုအပ်သည့် အာဟာရဓာတ်ကို ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် သဘာဝမြေသြဇာကို အသုံးပြုထားသောကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို မဖြစ်ပေါ်စေသလို ဓာတုကင်းစင်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော သီးနှံများ ထုတ်လုပ်နိုင်ခြင်း၊ ဓာတ်မြေသြဇာဝယ်ယူရသည့် ကုန်ကျစရိတ်သက်သာစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

### စားရေရိက္ခာစိုက်ပျိုးထုတ်လုပ်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်

စိုက်ပျိုးမြေများတွင် မြေဆီလွှာများခန်းကုန်ပါက စိုက်ပျိုးထုတ်လုပ်မှုနှင့် သီးနှံများ၏ အရည်အသွေးများ လျော့ကျကုန်မည်ဖြစ်သည့်အတွက် မြေဆီလွှာသည် စားရေရိက္ခာစိုက်ပျိုးထုတ်လုပ်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

သဘာဝမြေဆွေးသည် ကာဗွန်နှင့် နိုက်ထရိုဂျင်ဓာတ်များကို အဓိကရရှိစေပြီး အချိန်ကြာမြင့်လာသည်နှင့်အမျှ တဖြည်းဖြည်းပြိုကွဲ၍ အာဟာရဓာတ်များကို မြေဆီလွှာထဲ ထည့်ပေးနိုင်သည်။ အပင်များအတွက် အဓိကလိုအပ်သည့် ဖော့စဖောရပ်စ်နှင့် ပိုတက်စီယမ်ဓာတ်များလည်းပါဝင်ပြီး မြေဆီလွှာထဲရှိ အကျိုးပြုဗက်တီးရီးယား၊ မှို၊ အပင်များကြီးထွားဖွံ့ဖြိုးရန်နှင့် အစာချက်လုပ်ရန်အတွက် အရေးပါသည့် အာဟာရဓာတ်များကိုလည်း ပေးစွမ်းနိုင်မည်ဖြစ်သည်။

သဘာဝမြေဆွေးကို အသုံးပြုစိုက်ပျိုးထားသည့် သီးနှံများသည် အခြားသီးနှံများနှင့် နှိုင်းယှဉ်ပါက အာဟာရဓာတ်ပါဝင်မှုမြင့်မားပြီး အရသာပိုကောင်းနေသည်ကို တွေ့ရကြောင်း သုတေသနများက ဆိုကြသည်။

ထို့ကြောင့် သဘာဝမြေဆီမြေလွှာ၏ ဂုဏ်သတ္တိအခြေအနေများကို ပြုပြင်ပြောင်းလဲပြီး ရေရှည်ကောင်းမွန်အောင် ထိန်းသိမ်းနိုင်စွမ်းရှိသည့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူပညာပေးသရုပ်ပြသမှုများကို ကျေးရွာအလိုက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြသည်။

“သဘာဝမြေသြဇာကို ကိုယ့်အိမ်မှာ တစ်ပိုင်တစ်နိုင် ပြုလုပ်သုံးစွဲမယ်ဆိုရင် သီးနှံတွေ အထွက်တိုးမယ်။ အပင်အားကောင်းမယ်။ ဓာတ်မြေသြဇာတွေအသုံးပြုခဲ့တဲ့အတွက် ပျက်စီးခဲ့တဲ့ မြေဆီလွှာတွေ ပြန်လည်ကောင်းမွန်စေပြီး သီးနှံဖြစ်ထွန်းနိုင်အောင် ကူညီပေးနိုင်တဲ့ ပိုးမွှားတွေကို ဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ ယာပဲဖြစ်ဖြစ်၊ လယ်ပဲဖြစ်ဖြစ် အသီးအားကောင်းသလို အပင်အားလည်း ကောင်းမယ် ကျွန်တော်ကိုယ်တိုင်လည်း သုံးစွဲနေပြီး အကျိုးရှိ ထိရောက်တဲ့အတွက် သုံးစွဲကြဖို့ ပြောကြားလိုပါတယ်”ဟု ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု ခေါမကျေးရွာမှ တောင်သူဦးကြည်ထွန်းက ဆိုသည်။

### စွန့်ပစ်ပစ္စည်းများ လိုအပ်ချက်ပြည့်မီအောင် ရရှိနိုင်ရေးမှာ အခက်အခဲအချို့ရှိ

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလာသည့် ယနေ့ခေတ်တွင် ကျွဲ၊ နွားမွေးမြူထုတ်လုပ်မှုများလည်း နည်းပါးလာရာ သဘာဝမြေသြဇာထုတ်လုပ်နိုင်ရန် စွန့်ပစ်ပစ္စည်းများ လိုအပ်ချက်ပြည့်မီအောင် ရရှိနိုင်ရေးမှာ အခက်အခဲအချို့ရှိနေနိုင်မည်ဖြစ်သည်။

သို့သော် သဘာဝမြေသြဇာ ထုတ်လုပ်စိုက်ပျိုးနေသည့် တောင်သူများလည်းရှိနေပြီး စက်မှုလယ်ယာစနစ်နှင့် သဘာဝမြေသြဇာထုတ်လုပ်မှုကို ဟန်ချက်ညီအောင် စီမံဆောင်ရွက်နိုင်မည်ဆိုပါက ရေရှည်တည်တံ့သော စိုက်ပျိုးရေးကိုဖော်ဆောင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ထိုမှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို တစ်ပါတည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**❛ သဘာဝမြေဆွေးသည် ကာဗွန်နှင့် နိုက်ထရိုဂျင်ဓာတ်များကို အဓိကရရှိစေပြီး အချိန်ကြာမြင့်လာသည်နှင့်အမျှ တဖြည်းဖြည်းပြိုကွဲ၍ အာဟာရဓာတ်များကို မြေဆီလွှာထဲ ထည့်ပေးနိုင်သည်။ အပင်များအတွက် အဓိကလိုအပ်သည့် ဖော့စဖောရပ်စ်နှင့် ပိုတက်စီယမ်ဓာတ်များလည်းပါဝင်ပြီး မြေဆီလွှာထဲရှိ အကျိုးပြုဗက်တီးရီးယား၊ မှို၊ အပင်များကြီးထွားဖွံ့ဖြိုးရန်နှင့် အစာချက်လုပ်ရန်အတွက် အရေးပါသည့် အာဟာရဓာတ်များကိုလည်း ပေးစွမ်းနိုင်မည် ❜**

---

**❒ ONE Fridayမှ**

အလဲထိုးအနိုင်ရထားခြင်းဖြစ်သည်။ ဆလိုင်း ထန်ခ်ွီးရှိန်၏ပြိုင်ဘက် ချော့ဒီးမှာမူ ONE နှင့် ပွဲများစွာထိုးသတ်ထားသူဖြစ်ပြီး စုစုပေါင်း ရှစ်ပွဲထိုးသတ်ရာတွင် လေးပွဲနိုင်၊ လေးပွဲရှုံးနိမ့်ထားသည်။

မြန်မာဖိုက်တာများသည် ယခုနောက်ပိုင်းတွင် ONE နှင့် ပွဲများဆက်တိုက်ထိုးသတ်ခွင့် ရရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-onefc**

**✲ အေစီမီလန်အသင်းမှ**

အခြားသော အီတလီစီးရီးအေပွဲစဉ်တွေမှာတော့ ဂျူဗင်တပ်အသင်းက ဂျီနိုအာအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ အတ္တလန္တာအသင်းက လက်ချီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အူဒီးနီးစ်အသင်းနဲ့ ကိုမိုအသင်းတို့ပွဲစဉ်မှာတော့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

**❂ အာဆီယံမှ**

အုပ်စု (B) တွင် ဩစတြေးလျအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့မှာ နှစ်ပွဲကစား နှစ်ပွဲနိုင် ခြောက်မှတ်စီဖြင့် တက်ရောက်ခွင့်ရခဲ့ပြီး နောက်ဆုံးပွဲတွင် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဧပြီ ၈ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-FAT**



မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# မြန်မာ့မီးရထားအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်

**နေပြည်တော် မေ ၇**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် မဟာသင်္ကြန်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်များကို အထူးရထားများ တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-နေပြည်တော်ရထားလမ်းပိုင်းတွင် အဆန်အထူး DEMU (စပိန်)ရထားသည် ရန်ကုန်မှ နံနက် ၆ နာရီခွဲတွင် စတင်ထွက်ခွာပြီး နေပြည်တော်သို့ မွန်းတည့် ၁၂ နာရီတွင်ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူး DEMU(စပိန်)ရထားသည် နေပြည်တော်မှ မွန်းလွဲ ၁၂ နာရီခွဲတွင် စတင်ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူး DEMU (စပိန်)ရထားနှင့် အစုန်အထူး DEMU (စပိန်)ရထားတို့ ပြေးဆွဲမည့်နေ့ရက်များမှာ မေ (၁၀ ၊ ၁၁၊ ၁၂၊ ၁၉ ၊၂၀) ရက်များဖြစ်သည်။

ရန်ကုန်-ပြည်ရထားလမ်းပိုင်းတွင် အဆန်အထူးလေအိတ်ရထားသည် ရန်ကုန်မှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာပြီး ည ၈ နာရီ ၅၅ မိနစ်တွင် ပြည်မြို့သို့ ရောက်ရှိမည်ဖြစ်သည်။ အစုန်အထူးလေအိတ်ရထားသည် ပြည်မြို့မှ ည ၁၀ နာရီခွဲတွင် စတင်ထွက်ခွာပြီး နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့သို့ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အဆန်အထူးလေအိတ်ရထားနှင့် အစုန်အထူး လေအိတ်ရထားတို့ ပြေးဆွဲမည့် နေ့ရက်များမှာ မေ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀)ရက်များဖြစ်သည်။

ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းတွင် အဆန်အထူးလေအိတ်ရထားသည် ရန်ကုန်မှ နံနက် ၉ နာရီ ၁၅ မိနစ်မှာ စတင်ထွက်ခွာပြီး မော်လမြိုင်သို့ ညနေ ၆ နာရီတွင် ရောက်ရှိမည်ဖြစ်ကာ ပြေးဆွဲမည့် နေ့ရက်မှာ မေ (၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀)ရက်များဖြစ်သည်။ အစုန်အထူး လေအိတ်ရထားသည် မော်လမြိုင်မှ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ညနေ ၅ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ အထူးလေအိတ်ရထားပြေးဆွဲမည့် နေ့ရက်များမှာ မေ(၁၁၊ ၁၂၊ ၁၉၊၂၀၊ ၂၁ )ရက်များဖြစ်သည်။

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခန့်မှန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား တစ်ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင်ဝယ်ယူနိုင်ကြောင်း၊ ထို့အပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန်လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် Online မှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက် ခုနစ်ရက်နှင့် ကြားဘူတာများတွက် သုံးရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်းခြောက်တွဲနှင့် ရိုးရိုးတန်းရှစ်တွဲ၊ ဘရိတ်တွဲတစ်တွဲဖြင့် ဝန်ချိန်ပြည့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် မေ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှုခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေးရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ် BEL ရထား၊ အမှတ်(၁)အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ် စာပို့ရထား၊ အမှတ်(၁၅)အဆန်၊ (၁၆)အစုန်၊ ရန်ကုန် - ပဲခူး-ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃၀၁) အဆန်၊ (၃၀၂)အစုန် သာစည်-မန္တလေး-သာစည် ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် အမှတ်(၇၁)အဆန်၊(၇၂)အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆) အစုန် အင်းစိန်-ဥက္ကံ-အင်းစိန်ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ် ရထားများကိုလည်း မေ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တ ရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌အမှတ်(၆၁)အဆန်၊ (၆၂)အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံခရီးစဉ် ရထားများကို မေ ၁၄ ရက်မှ ၂၀ ရက်အထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး မေ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၁၁)အဆန်၊ အမှတ်(၁၂) အစုန်လူစီးအမြန်ရထား၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁) အဆန်၊အမှတ်(၈၂)အစုန်လူစီးအမြန်ရထား၊ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန် ၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား ၊ သာစည်-တောင်ကြီးလမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန်စာပို့ရထား ၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ် (၁၀၃)အဆန်၊ အမှတ်(၁၀၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါ လမ်းပိုင်း၌ အမှတ် (၁၉၅)အဆန်၊ အမှတ်(၁၉၆) အစုန် လော်ကယ်ရထား၊ မြစ်ကြီးနား -မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂)လူစီးရထားနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂)အစုန် လူစီးရထားများအား သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှုခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ်၊ တောင်ကြီး-ပေါမူခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့်ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် မေ ၇**

၂၀၂၆ ခုနှစ်၏ အာဆီယံအလှည့်ကျသဘာပတိအဖြစ် ဆောင်ရွက်သည့် ဖိလစ်ပိုင်နိုင်ငံက Virtual အစီအစဉ်ဖြင့် မေ ၇ ရက်မှ ၈ ရက်အထိကျင်းပသည့် အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (ASEAN Finance Deputies Ministers’ Meeting–AFDM)နှင့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးများ (ASEAN Finance and Central Bank Deputies’ Meeting – AFCDM) ကို ယနေ့နံနက်ပိုင်းတွင် စတင်ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။




အစည်းအဝေး ပထမနေ့နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်က အာဆီယံအခြေခံအဆောက်အအုံရန်ပုံငွေ (ASEAN Infrastructure Fund–AIF) ဖြင့် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ အာဆီယံအာမခံဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ အာဆီယံနယ်စပ်ဖြတ်ကျော်မှုဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံအခွန်ဆိုင်ရာကိစ္စရပ်များ၊ အကောက်ခွန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အာဆီယံပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်မှုများနှင့် အာဆီယံငွေတိုက်ဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများမှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြရာ အာဆီယံဒုတိယဘဏ္ဍာရေးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးကြပြီး အစည်းအဝေးမှ မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်က ASEAN Climate Finance Policy Platform နှင့်စပ်လျဉ်းသည့် တိုးတက်မှုအခြေအနေနှင့် သဘောတရားစာတမ်း (Concept Note)ကို ဆွေးနွေးတင်ပြကြရာ အစည်းအဝေးက အတည်ပြုကြသည်။

နိုင်ငံအလိုက် ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အာဆီယံနိုင်ငံများအကြား နယ်စပ်ဖြတ်ကျော်မော်တော်ယာဉ်များအတွက် မထားမနေရ သူတစ်ပါးထိခိုက်မှု အာမခံဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းဆွေးနွေးသည်။

နေ့လယ်ပိုင်းတွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးတွင် အိမ်ရှင်ဖိလစ်ပိုင်နိုင်ငံက ၎င်း၏ အလှည့်ကျ သဘာပတိအဖြစ်ဆောင်ရွက်သည့် ကာလအတွင်းဆောင်ရွက်မည့် Priority Economic Deliverables (PEDs) ကိစ္စရပ်များကို တင်ပြရာ အစည်းအဝေးက သဘောတူကြသည်။ ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်က တင်ပြသည့် ASEAN Economic Community (AEC) Strategic Plan 2026–2030 တွင်ပါဝင်သော Finance Sectoral Plan ၏ ဆောင်ရွက်မှုအခြေအနေနှင့် ASEAN Finance Integration Monitoring Report (AFIMR) 2026 (မူကြမ်း)ကို အစည်းအဝေးက မှတ်တမ်းတင်သည်။ အစည်းအဝေး၏ တွဲဖက်သဘာပတိများနှင့် ASEAN Senior Level Committee မှ တွဲဖက်သဘာပတိများက တင်ပြကြသည့် အာဆီယံဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လမ်းပြမြေပုံအကောင်အထည်ဖော်မှု အခြေအနေများ၊ Cadmus Group ကတင်ပြသော AEC Blueprint 2025 အကောင်အထည်ဖော်မှု၏ ရလဒ်များ၊ Project Revive လုပ်ငန်းအဖွဲ့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အစည်းအဝေးက အတည်ပြုကြပြီး အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်ကတင်ပြသည့် အာဆီယံနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု (ASEAN–ADB Strategic Partnership) ဆိုင်ရာ ကိစ္စရပ်များကို အစည်းအဝေးက မှတ်တမ်းတင်ကြသည်။

ယင်းအစည်းအဝေးများအား မေ ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မေ ၉ ရက်နှင့် ၁၀ ရက်တို့တွင် အကြိမ် (၃၀)မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် (၁၃) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးများအား Virtual အစီအစဉ်ဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့အလယ်ပိုင်းဒေသ စစ်ပွဲများ ရပ်တန့်ရေးသည် အီရန်နိုင်ငံ၏ လိုလားချက်ဖြစ်ကြောင်း အီရန်တာဝန်ရှိသူ ပြောကြား



**အစ္စလာမ္မာဘတ် ဧပြီ ၇**

အရှေ့အလယ်ပိုင်းဒေသတွင် စစ်ပွဲများရပ်တန့်ရေးသည် အီရန်နိုင်ငံ၏ လိုလားချက်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး ရီဇာ အယ်မီရီမိုဟာဒန်က ဧပြီ ၇ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံအား ကျူးကျော်တိုက်ခိုက်မှုများမပြုလုပ်ရန်လည်း ပန်ကြားကြောင်း ၎င်းက ပြောကြားသည်။ အီရန်အနေဖြင့် သံတမန်နည်းလမ်းဖြင့် ယခုပဋိပက္ခအတွက် ရေရှည်တည်တံ့သည့် အဖြေရရှိသည်အထိ ဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။ ခိုင်မာသည့် ကတိကဝတ်များမပါရှိသည့် ငြိမ်းချမ်းရေး အဆိုပြုချက်များကြောင့် ပဋိပက္ခဖြေရှင်းရန် အခက်အခဲများရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အီရန်နှင့် အမေရိကန်ကြား ပဋိပက္ခကို ဖြေရှင်းဆောင်ရွက်ရန်အတွက် ပါကစ္စတန်နိုင်ငံက ကြားဝင်ညှိနှိုင်းလျက်ရှိသည်။ အီရန်နှင့် ပါကစ္စတန်ကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အရှေ့အလယ်ပိုင်းအရေး ပြေလည်ရန် ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။ ညှိနှိုင်းဆွေးနွေးမှုများနှင့်အတူ စစ်ရေးအရ တိုက်ခိုက်ခြင်းများကို ဆောင်ရွက်ပါက ဆွေးနွေးမှု မအောင်မြင်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ခေတ္တ အပစ်အခတ်ရပ်စဲခြင်းထက် ငြိမ်းချမ်းရေးအပြီးတိုင်ရရှိရေး ဆောင်ရွက်ခြင်းကသာ ပဋိပက္ခကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**




# အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများ အမြန်ဆုံးရပ်တန့်ရေး တရုတ်နိုင်ငံ တောင်းဆို

**ပေကျင်း ဧပြီ ၇**

အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသည့် တိုက်ခိုက်မှုများ အမြန်ဆုံးရပ်တန့်ရေးနှင့် ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို တည်ထောင်ရန် တရုတ်နိုင်ငံက သက်ဆိုင်ရာနိုင်ငံများအား တိုက်တွန်းကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မာအိုနင်က ဧပြီ ၇ ရက်တွင် ပြောကြားသည်။

ယင်းပဋိပက္ခရှည်ကြာလာသည်နှင့်အမျှ ဟော်မုဇ်ရေလက်ကြားပိတ်ခြင်းကဲ့သို့သော အကျိုးဆက်များအပေါ် ဝေဖန်မှုများရှိလာပြီး ထိုရေလက်ကြားပြန်လည်ဖွင့်လှစ်ရေးနှင့် ရေလက်ကြားမှ ဖြတ်၍ သွားလာနိုင်ရေးအတွက် တောင်းဆိုမှုများရှိလာကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရှေ့အလယ်ပိုင်းပဋိပက္ခသည် လက်ရှိအချိန်တွင် ဆိုးရွားစွာဖြစ်ပွားနေပြီး ကမ္ဘာ့စွမ်းအင်ဖူလုံရေးနှင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုများရှိလာသဖြင့် နိုင်ငံတကာမှ ပူပန်မှုများရှိလာကြောင်း ၎င်းက ပြောကြားသည်။ ယင်းပဋိပက္ခဖြစ်ပွားသည့်အချိန်မှ စတင်၍ တရုတ်နိုင်ငံအနေဖြင့် မျှတသည့် နည်းလမ်းဖြင့် ပဋိပက္ခအဆုံးသတ်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိအနေဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ရန်အတွက် အီရန်၊အစ္စရေး၊ ရုရှားနှင့် ပင်လယ်ကွေ့နိုင်ငံတို့သို့ ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ တရုတ်အစိုးရ၏ အထူးကိုယ်စားလှယ်သည် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ပြီး ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ တရုတ်နှင့် ပါကစ္စတန်တို့သည် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက အချက်ငါးချက်ပါရှိသည့် ငြိမ်းချမ်းရေးအဆိုပြုချက်ကို အဆိုပြုခဲ့သည်။ အင်အားသုံး၍ ဖြေရှင်းဆောင်ရွက်ခြင်းသည် ငြိမ်းချမ်းရေးကို မရရှိစေဘဲ နိုင်ငံရေးအရ ဆွေးနွေးခြင်းဖြင့်သာ အဖြေရရှိမည်ဖြစ်ကြောင်းနှင့် အီရန်အား အမေရိကန်နှင့် အစ္စရေးတို့က တိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယခုပဋိပက္ခတွင် ပါဝင်ပတ်သက်သူများအနေဖြင့် ပဋိပက္ခအဆုံးသတ်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ သဘာဝဘေးကြောင့် သေဆုံးသူ ၁၃၂ ဦး ရှိလာ

**ကဘူး ဧပြီ ၇**

အာဖဂန်နစ္စတန် နိုင်ငံတွင် မကြာသေးမီကဖြစ်ခဲ့သည့် ရေကြီးရေလျှံမှု၊ မြေပြိုမှုနှင့် မိုးကြိုးပစ်ခြင်းများကြောင့် သေဆုံးသူအရေအတွက် ၁၃၂ ဦးရှိလာပြီး ၁၉၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီက ဧပြီ ၇ ရက်တွင် ပြောကြားသည်။

ယင်းသဘာဝဘေးများကြောင့် အိမ်ခြေ ၅၃၆၃ လုံး ပျက်စီးခဲ့ပြီး လမ်းအရှည် ၃၅၇ ကီလိုမီတာ ပျက်စီးခဲ့ကာ စိုက်ပျိုးမြေ ၁၅၇၃၂ ဧကနှင့် ဆည်မြောင်းစနစ်များ ပျက်စီးခဲ့ကြောင်း ၎င်းအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကို သဘာဝဘေးဖြစ်သည့် ဒေသများသို့ စေလွှတ်ခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်သည့် ဒေသများမှ ဒေသခံများကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ၎င်းအေဂျင်စီက ပြောကြားသည်။

သဘာဝဘေး ဖြစ်ပွားသည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဒေသခံတာဝန်ရှိသူများက ပြည်တွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လာမည့်တစ်ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများ ထပ်မံဖြစ်နိုင်ကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# မလေးရှားနိုင်ငံ၌ ဇီဝလောင်စာဆီ သုံးစွဲမှုမြှင့်တင်မည်

**ကွာလာလမ်ပူ ဧပြီ ၇**

ကမ္ဘာတစ်ဝန်း လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းကို တုံ့ပြန်ဆောင်ရွက်ခြင်းအပါအဝင် စွမ်းအင်ဖူလုံရေးအတွက် မလေးရှားနိုင်ငံတွင် ဇီဝလောင်စာဆီသုံးစွဲခြင်းကို မြှင့်တင်ရမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ဇီဝလောင်စာဆီအဖွဲ့အစည်းက ပြောကြားသည်။



အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ကမ္ဘာ့လောင်စာဆီဈေးကွက်တွင် ကမောက်ကမဖြစ်ကာ ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများထိခိုက်ခဲ့ပြီး ငွေကြေးဖောင်းပွခြင်းနှင့် စီးပွားရေးထိခိုက်သည့် အကျိုးသက်ရောက်မှုများရှိလာကြောင်း ၎င်းအဖွဲ့အစည်းကပြောကြားသည်။ ဇီဝလောင်စာဆီသုံးစွဲရေးအတွက် လောင်စာဆီရောင်းခွန်များကို လျှော့ချရေး ဆောင်ရွက်သင့်ကြောင်းနှင့် ၎င်းကဲ့သို့ဆောင်ရွက်ခြင်းဖြင့် စွမ်းအင်ဖူလုံမှုကို ထောက်ကူပေးမည်ဖြစ်ကာ စွမ်းအင်ဝယ်ယူရာတွင် နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့ချနိုင်၍ ပြည်တွင်း စားအုန်းဆီထုတ်လုပ်မှုကို ထောက်ကူနိုင်ပြီး ကျေးလက်ဒေသခံများအတွက် လူမှုစီးပွားဘဝများ အဆင်ပြေမည်ဖြစ်ကြောင်း ၎င်းအဖွဲ့အစည်းက ပြောကြားသည်။ ယခုလက်ရှိဖြစ်နေသည့် စွမ်းအင်ဆိုင်ရာအခက်အခဲသည် မလေးရှားနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်သာမဟုတ်ဘဲ ပြည်တွင်း စွမ်းအင်ကဏ္ဍအတွက် အခွင့်အရေးများကို ယူလာခဲ့ကြောင်း ၎င်းအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အိပ်နေစဉ် အသက်ရှူရပ်ခြင်းနှင့် နှလုံးရောဂါ ဆက်စပ်ကြောင်း တွေ့ရှိ

**ကင်ဘာရာ ဧပြီ ၇**

ညအချိန် အိပ်နေစဉ် အသက်ရှူရပ်တန့်တတ်သူများသည် နှလုံးတိုက်ခိုက်ခံရခြင်း၊ လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောများ အလုပ်မလုပ်ခြင်းတို့ကို ခံစားရနိုင်ခြေ ၃၀ ရာခိုင်နှုန်းပိုမိုများပြားကြောင်း သြစတြေးလျ ကျွမ်းကျင်သူများ၏ လေ့လာချက်အရ သိရသည်။ အိပ်နေစဉ် အသက်ရှူခက်ခဲသည့်သူများသည် နှလုံးရောဂါဖြစ်နိုင်ခြေ မြင့်မားကြောင်း သြစတြေးလျနိုင်ငံ ဖလင်းဒါး တက္ကသိုလ်မှ ဧပြီ ၇ ရက် ထုတ်ပြန်ချက်အရ သိရသည်။

ကမ္ဘာပေါ်ရှိ လူသားသန်းပေါင်းများစွာသည် အိပ်နေစဉ် အသက်ရှူခက်ခဲသည့် ပြဿနာများကို ရင်ဆိုင်နေရပြီး ၎င်းသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းကို ဖြစ်စေနိုင်ကြောင်း သိရသည်။

အရွယ်ရောက်ပြီးသူ ၃၀၀၀ ၏ အိပ်ရာအောက်တွင် ဆင်ဆာများ ထားရှိလေ့လာခဲ့ရာမှ ယခုအချက်အလက်များကို တွေ့ရှိခြင်းဖြစ်သည်။ အိပ်နေစဉ် အသက်ရှူရပ်ခြင်းသည် နှလုံးအပေါ် ဝန်ထုပ်ဝန်ပိုးများ ဖြစ်လာစေကြောင်း ဖလင်းဒါးဆေးသုတေသန အင်စတီကျူတာဝန်ရှိသူ ဗက်စတိန် လပ်ချပ်က ပြောကြားသည်။ အိပ်နေစဉ် အသက်ရှူရပ်ခြင်းနှင့် ဟောက်ခြင်းတို့သည် နှလုံးသွေးကြောရောဂါ၏ ရှေ့ပြေးလက္ခဏာများဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့က ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် မေ ၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ Counsellor Mr. Ilyn Ilia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်အတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် မေ ၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၆၂၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၄၇၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) အရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၁ ဦး ရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၇၉ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၇

နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စုတစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သုံးစွဲမှုများကို စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေးများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။



မေ ၆ ရက်တွင် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာ၌ မူးယစ်ဆေးဝါးများနှင့်အတူ တရားခံနှစ်ဦးအား ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မူးယစ်ဆေးဝါးရောင်းချနေသူများ ရောက်ရှိနေကြောင်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မေ ၆ ရက် နံနက် ၈ နာရီခွဲခန့်တွင် ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် ၅၄ (ဘီ)လမ်း ၁၂၈ x ၁၂၉ လမ်းကြား၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချသူများ ဖြစ်သည့် အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း (ခ)သီတာ တို့အား ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ ၎င်းတို့၏ နေအိမ်အား သွားရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ ဒသမ ၂၂ သိန်း (ခန့်မှန်းတန်ဖိုး တစ်ပြားလျှင် ကျပ် ၁၅၀၀)၊ ဘိန်းဖြူ ၅ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး တစ်ကီလိုဂရမ် လျှင် ငွေကျပ်သိန်း ၂၅၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၀၂ ဘီလီယံခန့်ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နေ အိုက်ချွမ် (ဖမ်းဆီးရန်ကျန်)က မူးယစ်ဆေးဝါးများကို မန္တလေးမြို့အတွင်း ပြန်လည်ရောင်းချရန် ၎င်း၏ အစီအစဉ်ဖြင့် အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာရှိ အောင်ကျော်စိုးနှင့် ဇနီးဖြစ်သူ သူဇာသန်း(ခ)သီတာ တို့၏နေအိမ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ အိုက်ချွမ်(ဖမ်းဆီးရန်ကျန်) ပို့ဆောင်ပေးသည့် မူးယစ်ဆေးဝါးများကို အောင်ကျော်စိုးနှင့်ဇနီးဖြစ်သူ သူဇာသန်း (ခ) သီတာတို့က မန္တလေးမြို့တွင် ပြန်လည်ဖြန့်ဖြူး ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆက်စပ်ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ် လူငယ်များအတွက် ပျက်စီးဒုက္ခရောက်စေနိုင်သော မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့်သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်းနှင့် သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

မကွေး မေ ၇

ပူပြင်းခြောက်သွေ့သော ပွင့်လင်းရာသီကာလအတွင်း မီးဘေးလုံခြုံရေးအတွက် ရည်ရွယ်၍ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးလှိုင်က မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာများ၊ လျှပ်စစ်မီးလောင်မှုအကြောင်းနှင့် သဘာဝဘေးအန္တရာယ်များအကြောင်း အသိပညာပေး ပြောကြားသည်။ထို့နောက် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဆောင်သောတပ်ဖွဲ့ဝင်များက 191 Report Mobile Application အသုံးပြုနည်း၊ ဂက်(စ်)အိုး မီးလောင်မှုအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ Dry Chemical Powder(DCP) မီးသတ်ဆေးဘူးဖြင့် စနစ်တကျ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြခဲ့ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကိုယ်တိုင် လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



❖ ကျောဖုံးမှ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၁၃၀၀၀ ခန့်အကွာ ပန်ကူကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာ နေရာသို့ အရောက်၌ သွပ်မိုး၊ သွပ်ကာ၊ သုံးထပ်သားပြားခင်း အဆောင်များဖြစ်သည့် အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ဆောင်သည့် အဆောက်တစ်လုံး၊ အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ရှိ ချက်ပြုတ်/စားဆောင်အပါ လူနေအိပ်ဆောင်တစ်လုံးနှင့် လုပ်ငန်းလုပ်ဆောင်သည့် အဆောင်တစ်လုံး၊ အလျား ၃၅ ပေ၊ အနံ ပေ ၃၀ ရှိ စတိုဈေးဆိုင် အဆောင် တစ်လုံး၊ အလျား ပေ ၄၀၊ အနံ ၃၅ ပေရှိ ပစ္စည်းစတို တစ်လုံး၊ ပေ ၄၀ ပတ်လည် အိပ်ဆောင် နှစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၂ ပေရှိ ဂိတ်ဝင်/ထွက်ဆောင် တစ်လုံးနှင့် အလျား ပေ ၆၀၊ အနံ ၅ ပေရှိ အိမ်သာအဆောက်အအုံ တစ်လုံး စုစုပေါင်း အဆောက်အအုံ ကိုးလုံးကို တွေ့ရှိရပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့်၊ နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး သုံးဦး၊ လာအိုနိုင်ငံသား အမျိုးသမီးတစ်ဦး စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား ၁၆ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော မော်နီတာ အလုံး ၁၂၀၊ System ပုံး ၉၇ လုံး၊ All in One Computer ၄၆ လုံး၊ Star Link ၁၂ လုံး၊ ဝိုင်ဖိုင်စက် ၁၂ လုံး၊ ဖုန်းမျိုးစုံ ၁၀၅ လုံးနှင့် မီးစက်ကြီး တစ်လုံးတို့ကို တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိက ပြစ်မှု ကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ အား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ အား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ အား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ အား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများ အား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများ အား တွေ့ရစဉ်။



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ အား တွေ့ရစဉ်။

# နတ်မောက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး



**နတ်မောက် ဧပြီ ၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ခြင်း မရှိသေးသူများအား ယမန်နေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်မောက်မြို့နယ် ဦးစီးမှူးရုံးရှိ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက တမာပင်ရပ်ကွက်တွင် ကွင်းဆင်း ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အသက် ၁၀ နှစ်ပြည့်ပြီး ပထမဆုံးအကြိမ် ကတ်ပြားပြုလုပ်သူများ၊ အသက် ၁၈ နှစ်ပြည့်၍ ကတ်ပြားလဲလှယ်လိုသူများ၊ ကတ်ပြားပျောက်ဆုံး၊ ပျက်စီး၍ မိတ္တူပြန်လည် လျှောက်ထားသူများကို ဥပဒေနှင့်အညီ စိစစ်ထုတ်ပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နတ်မောက်မြို့နယ် ဦးစီးမှူးရုံးရှိ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ လိုအပ်သည့်ထောက်ခံချက်များအား ကူညီဖြည့်စွက်ပေးခြင်းနှင့် ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို တစ်ခါတည်း ဆောင်ရွက်ပေးလျက်ရှိသည်။

နတ်မောက်မြို့နယ်အတွင်းရှိ ကျန်ရှိနေသည့် ရပ်ကွက်/ကျေးရွာများတွင်လည်း သတ်မှတ်ရက်များအလိုက် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်)မလိုမုန်းထားမှုကိုဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ဒေါပုံမြို့နယ်၌ အပူဒဏ်အန္တရာယ် အသိပညာပေးခြင်းနှင့် ကုသရေးဆေးခန်းဖွင့်လှစ်ထားရှိခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဒေါပုံ ဧပြီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် အပူဒဏ်အန္တရာယ်ကြောင့် ပြည်သူများ ကျန်းမာရေးထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် ရည်ရွယ်၍ အပူဒဏ်ဆိုင်ရာကြိုတင်ကာကွယ်ရေး နည်းလမ်းများ အသိပညာပေးခြင်းနှင့် ဆေးခန်းဖွင့်လှစ်ထားရှိခြင်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဒေါက်တာမျိုးမျိုးခိုင်က ဦးဆောင်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

**ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက တိုက်တွန်း နှိုးဆော်ထားသည့် အပူဒဏ် ကာကွယ်ရေးအတွက် လိုက်နာရမည့် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များ၊ ရောဂါလက္ခဏာများနှင့် အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာခံစားနေရသည့် လူနာအား အရေးပေါ်ရှေးဦးပြုစုခြင်းများကို ပြည်သူများသိရှိနိုင်ရန်အတွက် အသိပညာများပေးလျက်ရှိပြီး အပူဒဏ်ကြောင့် အရေးပေါ်ကုသရန် လိုအပ်သူများအတွက် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ဆေးခန်း ဖွင့်လှစ်ထားရှိပြီး ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းနှင့် ဆေးဝါးများကို ပြည်သူများအတွက် အဆင်သင့် ဆောင်ရွက်ပေးထားကြောင်း သိရသည်။



**ချစ်စုဝေ(ပြန်/ဆက်)**



# နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၃၀၀)၌ အပူဒဏ်အန္တရာယ်ကုသရေးအတွက် ဆောင်ရွက်ထားရှိ

**နေပြည်တော် ဧပြီ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)၌ အပူချိန်ပြင်းထန်မြင့်မားသည့် နွေရာသီကာလအတွင်း အပူဒဏ်သင့်၍ လာရောက်ပြသသောလူနာများအား အချိန်နှင့်တစ်ပြေးညီ ကုသမှုပေးနိုင်ရန်အတွက် လေအေးပေးစက်များ တပ်ဆင်ထားသည့် သီးသန့်အခန်းများတွင် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ပြင်ဆင်ဖြည့်တင်းထားရှိခြင်း၊ ရေငွေ့ထုတ်ပန်ကာကြီးများ၊ ရေဇလုံကြီးများနှင့် ရေခဲသေတ္တာများ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံဝန်ထမ်းများအား အပူဒဏ်သင့်လူနာများ အရေးပေါ်ကုသမှုအတွက် စနစ်တကျလေ့ကျင့်ထားခြင်းတို့ဖြင့် အပူဒဏ်အန္တရာယ်ကုသရေးလုပ်ငန်းများအား ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# မုဒုံမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**မုဒုံ ဧပြီ ၇**

မွန်ပြည်နယ် မုဒုံမြို့တွင် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက လူစည်ကားရာလမ်းဆုံနှင့် ရွှေဟသာ်ဈေး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနိုင်၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဈေးအတွင်း လမ်းသွားလမ်းလာ ဒေသခံပြည်သူများအား အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် လိုက်နာရမည့်အချက်များကို အသိပညာပေး တိုက်တွန်းနှိုးဆော်သည်။

ထို့နောက် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ထုတ်ဝေသည့် အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာရမည့်အချက်များ၊ ရှောင်ကြည်ရန်အချက်များ၊ သတိပြုရမည့်အချက်များ၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများနှင့် ခံစားနေရသည့်လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း အကြောင်းအရာပါ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ရာမည(ပြန်/ဆက်)**

# ကဝမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကဝ ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး ကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြန်မာနိုင်ငံတစ်ဝန်းတွင် နွေရာသီအပူချိန်များ မြင့်တက်လာသဖြင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်း၊ အပူဒဏ်ကြောင့် အပူလွန်ရောဂါ၊ ခန္ဓာကိုယ်ရေဓာတ်ခန်းခြောက်ခြင်းနှင့် မူးဝေခြင်းတို့ဖြစ်နိုင်ကြောင်း၊ ပြည်သူများအနေဖြင့် နံနက် ၁၁ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း နေပူထဲမထွက်ရန်၊ အပြင်ထွက်ရပါက ခေါင်းအုပ်၊ ထီး သို့မဟုတ် အကာအကွယ်အသုံးပြုရန် လိုအပ်ကြောင်း၊ အပူဒဏ်ကြောင့် မူးဝေခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း၊ မောပန်းခြင်း စသည့် လက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ကုသမှုခံယူရန် အရေးကြီးကြောင်းအသိပညာပေးပြောကြားသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



# အုတ်ဖိုမြို့နယ်၌ အပူဒဏ်ကာကွယ်ရေး အသိပညာပေး

**အုတ်ဖို ဧပြီ ၇**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများအား အပူဒဏ်ကာကွယ်ရေးနှင့်ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် သတိပြုရမည့်အချက်များကို သိရှိလိုက်နာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အရှိန်အဟုန်မြှင့် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။



အုတ်ဖိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနနယ်မြေများရှိ ရပ်ကွက်/ကျေးရွာ ၄၄ ခုတွင် ဒေသခံပြည်သူ ၅၅၃ ဦးအား အပူဒဏ်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် သတိပြုရမည့် အပူဒဏ်အန္တရာယ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေများအလိုက် ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဗီနိုင်းပိုစတာများဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၇**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

ဧပြီ ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ဧပြီ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉ ရက်တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ ကြာသပတေးနေ့တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၆ ရက်တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ တနင်္ဂနွေနေ့တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၂ ရက်နှင့် ၁၉ ရက်တို့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၄ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများ မဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာ သောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး



ရန်ကုန် မေ ၇

အလုပ်သမားရေးရာ အသိပညာပေး ဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက စက်ရုံများအရောက် ရွေ့လျားယာဉ်ဖြင့် ယနေ့နံနက်ပိုင်းမှ စတင်ကာ စက်ရုံသုံးရုံတွင် ကွင်းဆင်းလှည့်လည် အသိပညာပေး ဆွေးနွေးသည်။

**ဆွေးနွေး**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ၁၉၅၁ ခုနှစ် အလုပ်ရုံများ အက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေ ပေးချေရေး ဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရွာသာကြီး(အကြီးစား)စက်မှုဇုန်၊ တိုင်တားမင်းကြီးလမ်း အမှတ်(၂၁၊ ၂၂)ရှိ Metahope (Myanmar) Apparel Co.,Ltd အထည်ချုပ်စက်ရုံ၊ ဆင်ဖြူရှင်လမ်းနှင့် ဆရာစံလမ်းထောင့်၊ အမှတ်(၁၃)ရှိ Grand Forest International (Myanmar) Apparel Co.,Ltd အထည်ချုပ်စက်ရုံ၊ ၁၄၃/၁ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၁၇)ရှိ Dagon Talent Garment Co., Ltd အထည်ချုပ်စက်ရုံတို့တွင် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

သန်းသန်းအေး



## မိုင်းပန်မြို့နယ်၌ လက်တွေ့မီးငြှိမ်းသတ်ရေး သရုပ်ပြမှု ဆောင်ရွက်

မိုင်းပန် မေ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တွင် မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြှိမ်းသတ်ရေးသရုပ်ပြမှုကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းလင်းထိုက်နှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနိုင်လင်းထွန်းတို့က ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး လက်တွေ့မီးငြှိမ်းသတ်ရေး သရုပ်ပြသည်။

ဆက်လက်၍ မီးငြှိမ်းသတ်ရေးကို သူနာပြုဆရာမများအား လက်တွေ့ဆောင်ရွက်စေခဲ့ပြီး ပြည်သူ့ဆေးရုံတွင်ထားရှိသော မီးချိတ်၊ မီးကပ်များ၊ မီးသတ်ဆေးဘူးများကို မီးသတ်ဦးစီးမှူးက စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ ရပ်ကွက်နေပြည်သူများအား သောက်သုံးရေလှူဒါန်း

ချမ်းမြသာစည် မေ ၇

နွေရာသီကာလအတွင်း အပူရှိန်မြင့်မားမှုကြောင့် သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော မိဘပြည်သူများအတွက် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များသည် ၅၃ လမ်း၊ ၁၀၆ x ၁၀၇ လမ်းကြား အောင်ပင်လယ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သောက်သုံးရေများ လှူဒါန်းဖြန့်ဝေခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

**သွားရောက်လှူဒါန်း**

ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အောင်ပင်လယ် နယ်မြေစခန်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်တို့က ရေသယ်ယာဉ်များဖြင့် ရပ်ကွက်နေပြည်သူများဆီသို့ အိမ်တိုင်ရာရောက် စုစုပေါင်းရေဂါလန် ၈၀၀၀ ခန့် အခမဲ့ သွားရောက်လှူဒါန်းခဲ့ကြောင့် သိရသည်။



အလင်းသစ်(ပြန်/ဆက်)

## ကျောက်တန်းမြို့နယ်၌ သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်



ရန်ကုန် မေ ၇

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် ဇွဲဘာကုန်းတန်းကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ)မှ အတိုးရငွေဖြင့် အများပြည်သူသုံး သောက်သုံးရေကန်တူးဖော်ခြင်း လုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားကို ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အခါမရွေးသုံးစွဲနိုင်**

အဆိုပါ အများပြည်သူသုံး သောက်သုံးရေကန် (၁၅၅ပေx၁၅၃ပေ)အကျယ်ကို ထပ်မံ၍ နှစ်ပေအနက် တူးဖော်ခြင်းအား မြစိမ်းရောင်စီမံကိန်း အတိုးရငွေမှ ငွေကျပ် သိန်း ၁၀၀ ဖြင့် တူးဖော်ခဲ့ပြီး ကျေးရွာနေပြည်သူများ သောက်သုံးရေများကို အချိန်အခါမရွေး သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်ထွန်း

## လမ်းမတော်မြို့နယ်၌ ယဉ်ကျေးလိမ္မာအခြေခံသင်တန်း ဖွင့်လှစ်



ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနတွင် ယဉ်ကျေးလိမ္မာ အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ ဆရာတော်ဦးသုနန္ဒက မုဒိတာစကား ပြောကြားပြီး သင်တန်း နည်းပြဆရာ ဦးနွဲ့မြင့်သိန်းက သင်တန်းတွင် ပို့ချမည့် သင်ခန်းစာများနှင့် ပတ်သက်၍ မိတ်ဆက်စကား ပြောကြားသည်။

အဆိုပါ သင်တန်းသို့ လမ်းမတော်မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၀ တက်ရောက် သင်ယူခဲ့ကြပြီး မေ ၇ ရက်မှ ၂၉ ရက်အထိ သင်ကြား ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော် ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှ ဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ်(၁၂)ရက်နေ့မှ ကဆုန်လဆန်း(၁) ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲ ယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍မောင်းနှင်ခြင်း မပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်း လုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ဝါးခယ်မမြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဝါးခယ်မ ဧပြီ ၇



ဧရာဝတီတိုင်း ဒေသကြီး ဝါးခယ်မမြို့နယ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်အဖြစ် ဝါးခယ်မမြို့နယ် ပတ္တမြားရပ်ကွက် ဘုရားကြီးလမ်းတစ်လျှောက်တွင် ပြုလုပ်မည်ဖြစ်ပြီး ကမ်းနားလမ်း လွတ်လပ်ရေးပန်းခြံရှေ့ ဗဟိုမဏ္ဍပ်၌ နေ့စဉ်ဖျော်ဖြေရေးအဖွဲ့များ၊ ယိမ်းအဖွဲ့များဖြင့် ညှော့ခံဖျော်ဖြေခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖျော်ဖြေရေး ယိမ်းအဖွဲ့များကလည်း သင်္ကြန်ယိမ်းအကများ ကြိုတင်လေ့ကျင့်လျက်ရှိသည်။

နှစ်ဆန်း (၁)ရက်နေ့တွင်လည်း သက်ကြီးပူဇော်ပွဲ၊ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် ဆရာတော်အရှင်သူမြတ်များက မြို့နယ်အတွင်းသို့ လှည့်လည်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)



## တောင်ငူမြို့ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များဖျော်ဖြေရန် ကြိုတင်လေ့ကျင့်

တောင်ငူ ဧပြီ ၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပမည့် ဗဟိုမဏ္ဍပ်ကို ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးရှေ့၌ တည်ဆောက်လျက်ရှိပြီး ဗဟိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့များ ဖျော်ဖြေရန် ဇာတ်တိုက်ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ ၁၃ ဖွဲ့ဖြင့် ဖျော်ဖြေကြမည်ဖြစ်ပြီး သင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြရန် ရပ်ကွက်၊ ကျေးရွာအုပ်စုများ၌ ယနေ့တွင် ဇာတ်တိုက်ကြိုတင်လေ့ကျင့်လျက်ရှိသည်။

ထို့ပြင်ဖျော်ဖြေရေးအစီအစဉ်များတွင် DJ နှင့် ဒေသခံအဆိုတော်များအပြင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ဂျေညီမလေး၊ ရွှေနန်းထက်၊ ဝင်းလဲ့ချယ်ရီ၊ သရုပ်ဆောင် ဇေရီစုစံနှင့် Kb ခွန်ဇာနည်တို့က ဖျော်ဖြေ ကြမည်ဖြစ်သည်။ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၊ မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်နှင့်လက်ဖက်သင်္ကြန်တို့တွင် ရေလာရောက်ကစားမည့်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ရေရရှိရေးကို Solar စနစ်ဖြင့် ဆောင်ရွက်ထားရှိပြီး အလှူရှင်များက စတုဒိသာအလှူများဖြင့် ကျွေးမွေးနိုင်ရေးနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးဘိုးဘွားပူဇော်ပွဲ၊ အန္တရာယ်ကင်းပရိတ်တရားပွဲကျင်းပနိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဇော်ကိုကို(တောင်ငူ)

## တာချီလိတ်မြို့၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်

တာချီလိတ် ဧပြီ ၇



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းကာ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

တာချီလိတ်မြို့၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ အေးချမ်းလွတ်လပ်ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် လုံခြုံရေး၊ ယာဉ်အသွားအလာ စနစ်တကျဖြစ်စေရေး၊ ဗဟိုမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များ တည်ဆောက်ခြင်း၊ စတုဒိသာညှော့ခံကျွေးမွေးခြင်းများနှင့် မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ထမနဲသင်္ကြန်၊ ကော်ဖီသင်္ကြန်များ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့ ရှစ်ဖွဲ့၏ သင်္ကြန်ယိမ်းအကအလှများ၊ သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုထံမှ သိရသည်။

ထို့ပြင် နှစ်ဆန်းတစ်ရက်နေ့တွင် မြို့တွင်းအန္တရာယ်ကင်းပရိတ်တရားတော်များ လှည့်လည်ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊
(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်း ရန်နှင့် လေလွှင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊
(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစာအစားများကို ဖြည့်စွက်ကျွေးမွေးရန်၊
(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊
(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျကြိုတင်စုဆောင်းထားရန်၊
(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊
(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊
(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။


မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ၂၀၂၆ ခုနှစ် မတ်လအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့် ကိရိယာ (FPM-377C) ဖြင့် လေထုအတွင်း 2.5µm နှင့်အောက် သေးငယ်သောအမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေး စောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ တို့ကို ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မတ်လအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ မတ်လအတွင်းတွင် အသင့်အတင့်အဆင့်၌ ၉ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၂၁ ရက်၊ ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$)မှာ အသင့်အတင့်အဆင့်၌ ၅ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၈ ရက်နှင့် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၁၈ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ



ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ



ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာ ဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသောအုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ် သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၆ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၆ ခုနှစ် မတ်လအတွင်း စခန်း ၂၂ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၂ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၂၂ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ



၂၀၂၆ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၅ |
| ၃ | လားရှိုး | ၆.၆ |
| ၄ | တောင်ကြီး | ၆.၈ |
| ၅ | မိုင်းဆတ် | ၆.၆ |
| ၆ | ကျိုင်းတုံ | ၇.၁ |
| ၇ | စစ်ကိုင်း | ၆.၅ |
| ၈ | ဟားခါး | ၇.၁ |
| ၉ | ညောင်ဦး | ၆.၉ |
| ၁၀ | မုံရွာ | ၆.၈ |
| ၁၁ | ပျဉ်းမနား | ၆.၅ |
| ၁၂ | ပြင်ဦးလွင် | ၆.၉ |
| ၁၃ | ကလေးဝ | ၆.၉ |
| ၁၄ | ရန်ကုန် (ကမ္ဘာအေး) | ၆.၈ |
| ၁၅ | မှော်ဘီ | ၆.၈ |
| ၁၆ | အောင်လံ | ၇.၂ |
| ၁၇ | လှိုင်ကော် | ၆.၈ |
| ၁၈ | စစ်တွေ | ၇.၃ |
| ၁၉ | ပြည် | ၇.၂ |
| ၂၀ | ပုသိမ် | ၆.၅ |
| ၂၁ | မအူပင် | ၇.၂ |
| ၂၂ | ဘားအံ | ၆.၇ |

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း (MFPTMA) က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်**
**သစ်လုပ်ငန်းရှင်များအသင်း**

## အသိပေးကြေညာခြင်း

တွံတေးခရိုင်၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဗိုလ်ဥတ္တမ (၂)လမ်း၊ မြေကွက်အမှတ် (၁၂၉၅)၊ မြေတိုင်းအမှတ် (၄၁/G)၊ (၄၀ ပေx ၆၀ ပေ) ကျယ်ဝန်းသည့် ဗိုလ်မှူးကြီးသူရနေဝင်းမြင့်အမည်ဖြင့် ခွဲဝေလျှောက်ထားပေးသော ပါမစ်မြေကွက်ကို ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ (၂၅)လမ်း၊ အမှတ် (၆၈/၄ လွှာ) နေ ဦးတင်မြင့် [၁၂/ပဘတ(နိုင်)၀၃၁၅၁၃]က ပိုင်ဆိုင်ပြီး လက်ဝယ်၌လည်း ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဦးတင်ထွန်း B.A.(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (၂၃၀၉/၈၂)**
**အမှတ် (၃)၊ ကြံ့ခိုင်ရေးလမ်း၊ မြို့သစ်အနောက်ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း – ၀၉–၅၁၄၄၀၆၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ အမှတ်–၄၉၅၊ မြေတိုင်းရပ်ကွက် အမှတ်– ၁၃၃၊ မြေကွက်အမှတ်– ၄၉၅၊ ဦးသိုက် (MGN 149834)အမည်ပေါက် ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း(၄၀ x ၆၀) စတုရန်းပေ၏တစ်ဝက်ဖြစ်သော မြေကွက်အမှတ်– (၄၉၄)နှင့် ကပ်လျက်အခြမ်း အကျယ်အဝန်း (၂၀x၆၀)စတုရန်းပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းသန်းအေး [၉/ညဥန(နိုင်)၂၃၀၆၁၄]ထံမှ ကျွန်တော်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်အိမ်ပိုင် [၁၂/ဥကမ (နိုင်) ၁၉၉၉၅၅]**
**၀၉–၆၆၂၉၅၇၇၇၉၊ ၀၉–၉၇၇၇၂၂၁၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ကျိုက္ကစံဘုရားလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သော မြေပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ(၆)ထပ်တိုက်၊ အဆောက်အအုံရှိ (၄)လွှာ (ခြေရင်းခန်း) အကျယ်အဝန်း (အလျား ၁၉x အနံ ၆၀)ပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်အုန်းမြင့် [၁၂/ကတတ(နိုင်) ၀၀၅၃၈၉] (ဘ) ဦးဘသာထံမှ ဝယ်ယူရန် ဒေါ်လွဲ့လွဲ့ဝင်း [၁၁/မဥန(နိုင်) ၀၀၂၅၄၁] (ဘ) ဦးစံရွှေမောင်က စရန်ငွေအချို့ကို (၄–၄–၂၀၂၆)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအား အပြီးအပိုင် ဆက်လက်ဝယ်ယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွဲ့လွဲ့ဝင်း (ဖုန်း– ၀၉–၄၂၀၁၆၀၅၆၈)**

## “အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော မဆောင်းဝတ်ရည်သန်း [၁၂/ဥကမ(နိုင်) ၂၁၈၄၈၅]၊ မနှင်းဝတ်ရည်သန်း [၁၂/ဥကမ(နိုင်)၂၄၅၈၄၃]၊ မသဇင်ဝတ်ရည်သန်း [၁၂/ဥကမ(နိုင်)၂၄၆၃၂၈]တို့မှာ (ဦးသန်းရွှေ)နှင့် ဒေါ်ချိုမာ [၁၃/နခန(နိုင်) ၀၄၇၃၈၇] တို့မှ မွေးဖွားသောသမီးများဖြစ်ပါသည်။ မိခင် ဒေါ်ချိုမာ၏ ငွေကြေးဆိုင်ရာပြဿနာများအား သမီးဖြစ်သူများမှ အမြဲဖြေရှင်းပေးခဲ့ရပါသည်။ သို့သော် မိခင်ဖြစ်သူမှ မိသားစုပိုင်နေအိမ်အား မိမိသဘောဆန္ဒဖြင့် ရောင်းချခဲ့သည့်အပြင် ကျွန်ုပ်မိတ်ဆွေများအမည်ဖြင့် ငွေကြေးအရှုပ်အရှင်းအား ပြုလုပ်ထားကြောင်း နောက်မှသိရှိခဲ့ရပါသည်။ ထို့ကြောင့် ယနေ့မှစ၍ မိခင်ဖြစ်သူနှင့်ပတ်သက်သော ငွေကြေးဆိုင်ရာအရှုပ်အရှင်းများနှင့် ကျွန်ုပ်မိတ်ဆွေများမသိသော (၎င်းတို့အမည်များကို အသုံးပြုထားသည့်) စာချုပ်စာတမ်းများ ပြုလုပ်ထားမှုများရှိခဲ့ပါကလည်း ကျွန်ုပ်မိတ်ဆွေများနှင့် မည်သည့်ပုံစံနှင့်မျှ ပါဝင်ပတ်သက်ထားမှုမရှိသောကြောင့် မိခင်ဖြစ်သူ၏လုပ်ဆောင်ချက်များကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဆိုင်ရာပြဿနာများနှင့်ပတ်သက်ပြီး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုဇန်မြင့်လွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၄၅၆၇)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၉၆၅၈၂၈၀၂၆**

## မြေကွက်အရောင်းအဝယ်ပြုခြင်းအား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမက (၄၉) ကျောင်းလမ်း၊ အမှတ် (၄၃)၊ **ကွင်းအမှတ် (၃၉၈)၊ ပဲမိုကုန်းအနောက်၊ ဦးပိုင်အမှတ် (၇၁/၂)**၊ ဧရိယာ (၅၅ပေx ၂၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်များအပါအဝင် အဝီစိတွင်း၊ ဂျိုးဖြူရေ၊ ကိုယ်ပိုင်မီတာတို့အား တရားဝင် အရပ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်လျက်ရှိကြောင်း ပိုင်ဆိုင်မှုအရှုပ်အထွေး ပြဿနာကင်းရှင်းပါကြောင်း ဝန်ခံကတိပြု၍ **ဦးစိုးနိုင် [၅/ဘတလ(နိုင်) ၀၄၈၇၅၇]+ နော်မိုးမိုးအောင် [၁၄/ပသန(နိုင်)၁၅၂၃၈၄]**တို့မှ ရောင်းချလိုကြောင်း ကမ်းလှမ်း ပြောဆိုသည်ကို ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် တရားဝင် ဝယ်ယူရန် ရောင်းကြေးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည်အထိ ကန့်ကွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးအောင်မြင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျော့ကျော့နှင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဂျူလိုင်မင်းအောင်**
**အထက်တန်းရှေ့နေ (စဉ်– ၅၆၅၆၂)**
**အမှတ်(၄၀၀/မြေညီ)၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉–၉၈၅၀၀၃၃၃၉**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ရွှေနှင်းဆီ (၃)လမ်းရှိ ကွင်းအမှတ်–(**၉၈၇**)၊ ကျောက်အိုင်ကွင်း၊ ဦးပိုင်အမှတ်– (**၄၅/၁၇**)၊ မြေလုပ်ကိုင်သူအမည်– ဒေါ်သပြေဦးလွင်နှင့် ဦးပိုင်အမှတ်– (၄၅/၉၈)၊ မြေလုပ်ကိုင်သူ– ဒေါ်သွင်သွင်ဟန်၊ စုစုပေါင်းဧရိယာ (**၀.၆၂**)ကေ အနက်မှ ရှေ့မျက်နှာ၀ အလျား(**၄၇**)ပေx အနံ(**၇၀**)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်စာရွက်စာတမ်း(မူရင်း)များဖြင့် လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းပါကြောင်းနှင့် လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဖွင့်ဟဝန်ခံကတိပြုသူ **ဦးဝင်းမွန် (ဘ) ဦးထွန်းရီ [၁၂/စခန(နိုင်)၀၀၈၇၃၅]** ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးအောင်ကိုကို (ဘ) ဦးမြင့်ဆွေး [၁၂/မဘန(နိုင်) ၁၂၆၅၇၃]** ကိုင်ဆောင်သူက ဝယ်ယူရန်အတွက် ရောင်းချငွေ၏တစ်စိတ်တစ်ဒေသ ငွေပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ဆိုင်မှုဆိုင်ရာ တရားဝင်စာရွက်စာတမ်း(**မူရင်း**)များနှင့်အတူ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်ကိုကို ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဖြူဖြူခိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၆၂၆/၂၄–၁၀–၂၀၁၇)**
**အောင်မင်္ဂလာရပ်ကွက်၊ ငြိမ်းချမ်းဖြိုးလမ်း၊ လှည်းကူးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–795482460, 09–420298613**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၃၆–E၊မြေကွက်အမှတ်–၁၀၅/၁.၂၊ဧရိယာ(၀.၀၅၄)ဧက၊မြေကွက်တည်နေရာအမှတ်(၈၀/A)၊အောင်မင်းခေါင်လမ်း၊(၁၀)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊အမည်ပေါက်–ဦးစိန်(ခ)ခေါင်ထီရင်(၉/မရမ(နိုင်)၀၇၉၆၄၂)၊ဒေါ်လီရှင်ပေါင်း(၉/မရမ(နိုင်)၀၇၈၆၀၃) ဟုမှတ်သားထားသည့်မြေပိုင်မြေအမျိုးအစားမြေကွက်၏အမည်ပေါက်တစ်ဦးဖြစ်သူဦးစိန်(ခ)ခေါင်ထီရင်(ခင်ပွန်း)သည်(၄–၄–၂၀၂၅)ရက်နေ့တွင်ကွယ်လွန်သဖြင့်ကျန်အမည်ပေါက်ဖြစ်သူ(ဇနီး)ဒေါ်လီရှင်ပေါင်း(၉/မရမ(နိုင်)၀၇၈၆၀၃)မှတစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်သူမိမိမှလွဲ၍အခြားသောဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အနက်မှကွယ်လွန်သူ(ခင်ပွန်း)ဦးစိန်(ခ)ခေါင်ထီရင်၏ပိုင်ဆိုင်ခွင့်အစုအားကျန်ရစ်သူတစ်ဦးတည်းသောဇနီးဖြစ်သူမိမိကသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကိုပန်းဘဲတန်းမြို့နယ်တရားရုံး၏ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်–၁၃၄၂၁/၅–၁၁–၂၀၂၅၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊အမည်ပေါက်အရောင်းစာချုပ်အမှတ်–၄၂၇/၂၀၁၆(၁–၂–၂၀၁၆)၊အမှားပြင်စာချုပ်အမှတ်–၁၀၃၈၀/၂၀၂၅(၂၆–၁၁–၂၀၂၅)၊နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ရလပ–၂၂၊ မြေကွက်အမှတ်– ၃၄၉/ခ၊ ဧရိယာ–၀.၀၂၇ ဧက၊ မြေကွက်တည်နေရာအမှတ်– ၃၄၉/ခ၊ ကျန်စစ်သားလမ်း၊ ရွှေလင်ပန်း ၂၂ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ လိုင်ဟုံဟင်(ခ) ဒေါ်စိုးစိုးရီ [၁၂/လမတ (နိုင်) ၀၁၃၄၇၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်စိုးစိုးရီ [၁၂/လမတ(နိုင်) ၀၁၃၄၇၈] ကိုယ်တိုင်မှ နှစ်(၆၀) ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဘဏ်ချေးရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၁၃ ခုနှစ်တွင် လိုင်ဟုံဟင်(ခ) ဒေါ်စိုးစိုးရီမှ ဘဏ်ချေးမြေပုံ ကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ အဆိုပါ မြေပုံ မြေရာဇဝင်အား မည်သည့်ဘဏ်တွင်မှ ငွေချေးရန်လျှောက်ထားခဲ့ခြင်း လုံးဝမရှိဘဲ အိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားကြောင်း အဆိုပါ ဘဏ်ချေးမြေပုံဖြင့် ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံး၀ မရှိကြောင်း ကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၀) လူနေရပ်ကွက်အမှတ် (၈၃၇)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးအိုက်ဖေ [၉/မကန(နိုင်) ၀၇၉၆၆၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ဆက်စပ်စာချုပ်အရ ယခုရောင်းချသူ ဦးဝင်းထက်မောင်မောင် [၁၂/လသန(နိုင်) ၀၂၀၁၃၃]မှ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပွင့်ဦးဖြူသက် [၇/ပမန (နိုင်)၁၇၃၆၄၄]မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မြင့်မြင့်သန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၀၇၆၆)**
**အမှတ် (A–3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ် (၂)လမ်းမကြီး၊**
**(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၄၅၄၁၅၃၄၇၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်စန်း [၇/ကဝန (နိုင်) ၁၁၆၉၇၄] ပိုင်ဆိုင်သော ကားနံပါတ် 5H/5361 ၏ CNG(Gas) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

**ဖုန်း–၀၉–၂၅၂၂၃၆၀၅၃**

## “အများသိစေရန်”

ဦးကျော်စွာထွန်း [၁၂/အစန (နိုင်) ၁၆၇၉၆၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ဦးကျော်စွာထွန်းသည် ဦးသန့်ဇင်ဦး [၁၂/အစန(နိုင်)၀၆၈၆၅၉] (ဘ) ဦးတိုးငြိမ်းနှင့် ၎င်း၏ဇနီး ဒေါ်နှင်းနုနုနိုင် [၁၂/အစန (နိုင်) ၂၅၁၇၉၅] (ဘ) ဦးတင်ရွှေတို့ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ် (၂၉၆) ဟုခေါ်တွင်သော ပထမထပ်တိုက်ခန်းနှင့် ဒုတိယထပ်တိုက်ခန်းတို့ကို (၂၇–၂–၂၀၂၅)နေ့ရက်နှင့် (၁၇–၉–၂၀၂၅)နေ့ရက်တို့တွင် တရားဝင်စာချုပ်ချုပ်ဆို ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားသော တိုက်ခန်း (၂)ခန်းဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်စန်းတင့် (B.A (Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၂၀၂၀)**
**အမှတ် – ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉– ၅၀၉၉၆၃၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ စိန်ရိုင်းလမ်း၊ မြေကွက်အမှတ်(၆၃၀)၊ မြေအကျယ်အဝန်းဧရိယာ(၀.၀၅၆)ဧက၊ (၂၄၃၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ၁။ဦးဇေယျာမင်း (၁၃/ကလန(နိုင်)၀၆၅၅၂၆)နှင့် ၂။ ဒေါ်မြတ်သင်းသင်းနိုင်(၁၁/ကဖန(နိုင်)၀၄၃၆၉၇)တို့အမည်ဖြင့် ပူးတွဲအမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်များထံမှ ယခုရောင်းချသူများဖြစ်ကြသော ၁။ဦးအောင်ကျော်စိုး (၇/သကန(နိုင်)၀၁၃၇၆၁)နှင့် ၂။ ဒေါ်ခင်ဖြူ (၇/သကန(နိုင်)၀၁၃၇၈၄)တို့သည် "နှစ်ဦးသဘောတူ အရောင်းအဝယ်အဆင့်ဆင့်အဆက်စပ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ် - ၅၃၃၄၄)

အမှတ်(၁၄၀)၊ စံပါယ်ဖြူလမ်း၊ ဝေဘာဂီ(၃)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ - ၄၂၈၀၂၂၃၈၄၊ ၀၉ - ၄၂၆၈၇၆၆၆၀

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ဆင်ရွာကြီးတွင်နေထိုင်သော (ဘ) ဦးဇော်မြင့်မောင်၏ သမီးဖြစ်သူ ဒေါ်ဇာခြည်မောင် [၇/ပမန နိုင်) ၂၃၄၄၀၃]နှင့် (ဘ) ဦးမွေး၏သားဖြစ်သူ ဦးချမ်းငြိမ်းသူ [၉/ပသက(နိုင်)၁၁၄၄၀၂] တို့သည် (၄–၄–၂၀၂၆) ရက်နေ့က သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် အသိသက်သေလူကြီးများစုံရာရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်တွင် နှစ်ဦးနှစ်ဖက်သဘောဆန္ဒအရ အငြင်းပွားဖွယ်ရာမရှိ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထို့ကြောင့် ကွာရှင်းပြတ်စဲပြီးနောက်ပိုင်းမှစ၍ ဦးချမ်းငြိမ်းသူနှင့်ပတ်သက်ပြီး လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး မည်သည့်အရှုပ်အရှင်းမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်မောင်နှင့် မသက်ဆိုင်တော့ပါကြောင်းနှင့် ဆက်သွယ်စုံစမ်းမေးမြန်းခြင်းများကိုလည်း လက်ခံဖြေကြားပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်မောင် [၇/ပမန (နိုင်) ၂၃၄၄၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကျော့ကျော့ဦး (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်– ၅၆၃၅၆)**
**အမှတ်(၄၇၄)၊ တတိယထပ်(၄လွှာ)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉–၆၇၉၆၂၈၆၄၅**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ –အမှတ်(၁၀)ရပ်ကွက်၊ ကျုံပျော်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ/၃၄)၊ မြေကွက်အမှတ်(၃၆၅/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးစိုးညွန့်အမည်ပေါက် ပါမစ်မြေအမျိုးစား မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရ သေးသော မြေကွက်၏(ခြေရင်း)ဘက်ခြမ်း၊ အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်းဝန်ခံကတိပြုသူ **(၁) ဦးမြဦး [၁၂/မရက(နိုင်)၀၁၈၀၃၄]၊ (၂)ဒေါ်အေးမြင့်ကြည်[၁၂/မရက(နိုင်) ၀၁၈၀၇၆]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လေးလေးနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉–၄၂၅၂၈၆၀၄၂၊ ၀၉–၇၆၀၈၁၁၇၇၆**

# တာချီလိတ်မြို့နယ် ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးအား လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၇

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသား ၁၂၆ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖



တာချီလိတ်မြို့ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများကို တွေ့ရစဉ်။

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

## ONE Friday Fights 150 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆလိုင်းထန်ခွီးရှိန် တွဲဆိုင်း ပါဝင်မည်

ရန်ကုန် မေ ၇

မေ ၁၀ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပမည့် ONE Friday Fights 150 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ဆလိုင်းထန်ခွီးရှိန် တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

ဆလိုင်းထန်ခွီးရှိန်သည် ထိုင်းဖိုက်တာ ချော့ဒီးနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး နိုင်ပွဲဆက်ရေး ကြိုးပမ်းရမည်ဖြစ်သည်။ ဆလိုင်းထန်ခွီးရှိန်သည် ONE နှင့် နှစ်ပွဲသာ ထိုးသတ်ရသေးပြီး တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားကာ နောက်ဆုံးပွဲတွင် ထိုင်းဖိုက်တာ ယော့ယူဒွန်ကို ဒုတိယအချီတွင်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❒




## အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အိမ်ရှင်ထိုင်းကို အရေးနိမ့်ပြီး အုပ်စုမှထွက်ရ

ရန်ကုန် မေ ၇

၂၀၂၆ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို မေ ၇ ရက်က ထိုင်းနိုင်ငံတွင် ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အိမ်ရှင်ထိုင်းအသင်းကို အရေးနိမ့်ပြီး အုပ်စုမှ ထွက်ခဲ့ရသည်။

အုပ်စုဒုတိယနေ့တွင် ဩစတြေးလျအသင်းက ဘရူနိုင်းအသင်းကို ၁၃ ဂိုး-တစ်ဂိုး၊ အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဗီယက်နမ်အသင်းက တီမောအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းသည် လူငယ်ကစားသမားများဖြင့် ဖွဲ့စည်းထားသော်လည်း အိမ်ရှင်ထိုင်းကို အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုးသာပေးခဲ့ရသည်။

အုပ်စုပွဲများ တစ်ပွဲစီကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ်ရောက် လေးသင်းစလုံး စုံလင်စွာထွက်ပေါ်ခဲ့ပြီး အုပ်စု (A) တွင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်း၊

စာမျက်နှာ ၁၁ ကော်လံ ၄ သို့ ❂

**ယနေ့ ဖတ်စရာ**

မြေဆီလွှာကျန်းမာရေးနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် သဘာဝမြေဩဇာ သုံးစွဲကြမည်
ဆောင်းပါး စာမျက်နှာ » ၁၁

မြန်မာ့မီးရထားအနေဖြင့် မဟာသင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲပေးမည်
စာမျက်နှာ » ၁၂

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦးအား သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသား ငါးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့
စာမျက်နှာ » ၁၄

## အေစီမီလန်အသင်းကို အနိုင်ရပြီး နာပိုလီအသင်း အီတလီစီးရီးအေ အမှတ်ပေးဇယားအဆင့် (၂) နေရာ တက်လှမ်း

နာပိုလီအသင်းနဲ့ အေစီမီလန်အသင်းတို့ မေ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ် (၃၁) မှာ နာပိုလီအသင်းက အေစီမီလန်အသင်းကို အနိုင်ရပြီး အမှတ်ပေးဇယားအဆင့် (၂) နေရာတက်လှမ်းခွင့်ရရှိခဲ့ပါတယ်။




နာပိုလီအသင်းနှင့် အေစီမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အဲဒီပွဲစဉ်မှာ နာပိုလီအသင်းက အေစီမီလန်အသင်းကို ဒုတိယပိုင်း ပွဲကစားချိန် ၇၉ မိနစ်မှာ သွင်းယူခဲ့တဲ့ ပိုလီတာနိုရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

နာပိုလီအသင်းဟာ အေစီမီလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေပွဲစဉ် (၃၁) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၅ မှတ်အထိ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။ အေစီမီလန်အသင်းကတော့ နာပိုလီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပွဲစဉ် (၃၁) ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၃ မှတ် နဲ့ အမှတ်ပေးဇယားအဆင့် (၃) နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

စာမျက်နှာ ၁၁ ကော်လံ ၂ သို့ ✲